ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (26-3-2006) (၄၉၁၁)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၆ခုနှစ် မတ် ၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင် အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်မြို့နှင့် ချောင်းသာကြား စိန်တောင်–ဂျက်ကာ လမ်းပေါ်ရှိ ပုဂ္ဂလိကကုမ္ပဏီများ၏ ရော်ဘာပျိုးခင်းနှင့် စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစဉ်အလာကောင်းများနှင့် ပြည့်စုံသည့်တပ်မတော်

ဒို့တပ်မတော်ဟာ စတင်ဖွဲ့စည်းစဉ်ကပင် ကြေးစား မဟုတ်ဘဲ သစ္စာလေးချက်ကိုသာ ဦးထိပ်ရွက်ပြီး တာဝန် ထမ်းဆောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ဒို့တပ်မတော်သားတွေဟာ လစာရိက္ခာ ရချင်ရ မရချင်နေ၊ မည်သည့် အခွင့်အရေးကိုမျှ ရပိုင်ခွင့်လို့ သတ်မှတ်ခံယူခြင်းမပြုဘဲ မျိုးချစ်စိတ်နဲ့ အသက်ခန္ဓာကို စွန့်လွှတ်ဖို့ ဝန်မလေးတဲ့သူတွေ ဖြစ်တယ်။ မျိုးချစ်စိတ်နဲ့ ရှင်သန်နေတဲ့ တပ်တွင်းမှာ ရဲဘော်စိတ်နဲ့ တစ်ဦးအတွက်တစ်ဦး အသက်ပေးလျက်ရှိကြတယ်။ ဒါကြောင့်လဲ ဒို့တပ်မတော်ဟာ အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံတဲ့တပ်မတော်ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း
အမှတ်စဉ် (၈)သင်တန်းဆင်းပွဲ မိန့်ခွန်းမှ–

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၆ ခုနှစ် မတ် ၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ် ခါလီဒါ ဇီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေ ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်လျှင် ဒေသပိုမိုဖွံ့ဖြိုးမည်

ရန်ကုန် မတ် ၂၅

ဧရာဝတီတိုင်း ငပုတောမြို့နယ် ဂရုတ်ကောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၂ ရက် နံနက် ၇ နာရီတွင် ဂရုတ်ကောင်းမြို့ ကမ်းခြေသို့ သွားရောက်ကာ ကမ်းခြေရှုခင်း၏ သာယာလှပမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်များ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၆-၃-၂၀၀၆
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူအားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်

ကျန်းမာကြံ့ခိုင်ခြင်းသည် လူတိုင်းအတွက် အလေးထားရမည့် အချက်ဖြစ်သည်နှင့်အညီ လူတိုင်းလူတိုင်း ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ သို့မှသာ ကျန်းမာကြံ့ခိုင်သော ပြည်သူများအနေဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားအလိုက် အင်ပြည့်အားပြည့် ပါဝင်စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင် သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ရောဂါဖြစ်ပွားလျှင်လည်း စနစ်တကျ ကုသမှုခံယူကြရန်နှင့် ဆေးဝါးများ ပုံမှန်သောက်သုံးကြရန် လိုအပ်သည်။

မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးစီမံကိန်းများတွင် ဦးစားပေးအဆင့်၌ထားရှိပြီး အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်လျက်ရှိသော ရောဂါတစ်ခုမှာ တီဘီရောဂါဖြစ်သည်။ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် ပြည်သူများအတွင်း တီဘီရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုနှင့်ကူးစက်မှုများလျော့နည်းရေး၊ တီဘီဆေးယဉ်ပါးမှုမှ ကာကွယ်ရေးတို့အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ရောဂါရှာဖွေတွေ့ရှိမှု ၈၁ ရာခိုင်နှုန်းနှင့် ဆေးကုသအောင်မြင်မှု ၈၂ ရာခိုင်နှုန်း ရရှိနေပြီဖြစ်သည်။

တီဘီရောဂါသည် တီဘီရောဂါပိုးကြောင့် ဖြစ်ပွားသောရောဂါဖြစ်သည်။ လူ၏အဆုတ်တွင် ရောဂါဖြစ်ပွားမှုများသောကြောင့် အဆုတ်ရောဂါဟူ၍ လူသိများသည်။ တီဘီရောဂါဖြစ်ပွားသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းကိုလိုက်၍ အရိုးတီဘီ၊ အဆစ်တီဘီ၊ အစာအိမ်လမ်းကြောင်းတီဘီ၊ လည်ပင်းအကျိတ်ရောင်တီဘီ၊ ဦးနှောက်အမြှေးရောင်တီဘီစသည်ဖြင့် တွေ့ရှိရတတ်သည်။

ယခုအခါ ကမ္ဘာပေါ်တွင် တီဘီရောဂါဖြစ်ပွားသူ ကိုးသန်းခန့်ရှိပြီး နှစ်သန်းခန့် သေဆုံးလျက်ရှိသည်။ တီဘီရောဂါ ဖြစ်ပွားသူများ၏ ၉၅ ရာခိုင်နှုန်းနှင့် သေဆုံးသူများ၏ ၉၈ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်သည်။

ရောဂါဝေဒနာရှင်များအနေဖြင့် မိမိတို့တွင် တီဘီရောဂါရှိနေမှန်း မသိရှိကြခြင်းနှင့် သိရှိကြသော်လည်း ရောဂါပျောက်ကင်းသည်အထိ အပြည့်အဝ ကုသမှုမခံယူခြင်း၊ ဆေးယဉ်ပါးသော တီဘီရောဂါသည်များ တိုးပွားလာခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် တီဘီရောဂါ ပြန်လည်ဦးမော့လာပြီး နိုင်ငံတိုင်း၌ ကျန်းမာရေးပြဿနာ ဖြစ်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် တီဘီရောဂါလူနာများကို စောစီးစွာရှာဖွေ ဖော်ထုတ်ပြီး အစွမ်းထက်သော တီဘီဆေးဝါးများအသုံးပြု၍ အခမဲ့ကုသပေးလျက်ရှိသည်။ ထို့အပြင် လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုများ ပံ့ပိုးပေးပြီး မြို့နယ်တိုင်းတွင် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

တီဘီရောဂါသည် မျိုးရိုးလိုက်သောရောဂါမဟုတ်ဘဲ မိသားစုအတွင်း၊ အတူတကွ အလုပ်လုပ်ကိုင်နေကြသူများအတွင်း တီဘီရောဂါပိုးရှိနေသူတစ်ဦးထံမှ အခြားတစ်ဦးသို့ အဆင့်ဆင့် လွယ်ကူစွာ ကူးစက်တတ်သော ရောဂါသာဖြစ်သည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနက တီဘီရောဂါတိုက်ဖျက်ရေးတွင် တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးနည်းဖြင့် စနစ်တကျ ကုသပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ချောင်းဆိုးပြီး တီဘီရောဂါ ဖြစ်နေသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အချိန်မီ သွားရောက်စစ်ဆေးမှုခံယူခြင်း၊ ရောဂါဖြစ်ပွားနေပါက ဆေးကုသမှုပြီးဆုံးသည်အထိ ဆေးဝါးများ ပုံမှန်သောက်သုံးခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်း တီဘီရောဂါ ကင်းစင်ရေးအတွက် စီမံကိန်းများ စနစ်တကျ ချမှတ်ဖော်ဆောင် လျက်ရှိချိန်တွင် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများအားလုံးက တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၌ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၆ခုနှစ် မတ် ၂၆ရက်တွင်ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အမ်၊ မိုရှက်ခန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆–၃–၂၀၀၆ မှ ၄–၄–၂၀၀၆)

(မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ဂျိုးဖြူပိုက်လုံးကျော် ကွန်ကရစ်တံတား ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၅

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးကူညီမှု၊ မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် ဂျိုးဖြူပိုက်လုံးကျော် ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် အဆိုပါ တံတားသစ်ထိပ်တွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

မင်္ဂလာ အချိန်ကျရောက်သည်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးမင်းတို့က မင်္ဂလာဖဲကြိုးကို ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ဖွင့်ပွဲအပြီးတွင် ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးချုပ် အောင်သိန်းလင်းသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာများ ပေးအပ်ရာ စမ်းကြီးဝရပ်ကွက်မှ အဆိုပြုလွှာ ၅၃၁ စောင်၊ အနေးယာဉ်အဖွဲ့မှ ၅၅၃ စောင်၊ တပ်မတော် စံပြရပ်ကွက်မှ အဆိုပြုလွှာ ၂၀၀ ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် ဂျိုးဖြူ ပိုက်လိုင်းလမ်းအား အုတ်စီလမ်းသားသစ် တည်ဆောက်နေမှုကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တပ်မတော်စံပြရပ်ကွက်တွင် ဂျိုးဖြူပိုက်လုံးကျော် လူကူးတံတား ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိလာပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် အလှူရှင် (ဦးခင်မောင်ဝင်း) ဒေါ်မြင့်မြင့် မိသားစု လှူဒါန်းသည့် ကျပ် ၁၁၁၁၆၀ ကုန်ကျသည့် တံတားအား ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အလှူရှင် ဒေါ်မြင့်မြင့်တို့က မင်္ဂလာ ဖဲကြိုးကို ဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် စမ်းကြီးဝရပ်ကွက်ရှိ အကျယ် ၁၃ ပေ၊ အရှည်ပေ ၁၇၀၀ ရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းလမ်းကို ဆက်လက်ကြည့်ရှုအားပေးသည်။ (၁၉)

▲ **ရှေ့ဖုံးမှ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ ပုသိမ်မြို့နှင့်ချောင်းသာအကြား စိန်တောင်–ဂျက်ကာလမ်းပေါ်ရှိ ပုဂ္ဂလိကကုမ္ပဏီများ၏ ရော်ဘာစိုက်ခင်းကို ရောက်ရှိကာ ရော်ဘာပျိုးခင်းနှင့်စိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ပုဂ္ဂလိကကုမ္ပဏီ ရော်ဘာစိုက်ခင်း၌ ဧက ၅၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခု ပထမနှစ်တွင် ဧက ၃၅၀ စိုက်ပျိုးရန်တောခုတ်ရှင်းလင်းထားကာ ပျိုးပင်ပေါင်း ၈၅၀၀၀ကို အသင့်စုဆောင်းထားပြီးဖြစ်သည်။ ယခုအခါ ရော်ဘာနှစ်ဧက စိုက်ပျိုးထားပြီး ဇွန်လမှစ၍ မိုးကာလတွင် ဧက ၃၅၀ကို အပြီးစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ရွှေသောင်ယံမြို့

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့သို့ ရောက်ရှိပြီး ရောင်ခြည်ထွန်းတောက်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီး၍ မကြာမီဖွင့်လှစ်တော့မည့် ရွှေသောင်ယံမြို့ ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ဆောင်၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးတင်ရွှေနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ရွှေသောင်ယံမြို့ ရဲတပ်ဖွဲ့စခန်းသို့ရောက်ရှိပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ရွှေသောင်ယံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ရေးဦးစွာ ရွှေသောင်ယံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ငရုတ်ကောင်း ၃၈ဧက၊ ခြစ်စည်းရိုးကြက်ဆူပင် ၁၁၃၇၀၀ ပျိုးထောင် စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရွှေသောင်ယံမြို့သည် ဌာနဆိုင်ရာရုံးများဖြင့် တိုးတက်စည်ကားလာပြီဖြစ်ကြောင်း၊ ဒေသဝမ်းစာအနေဖြင့်မှ ဖူလုံခြင်းမရှိသေးသဖြင့် လယ်ယာမြေသစ်များ ဖော်ထုတ်ကာ မိုးစပါးကို တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးပါက ပဲနှင့် သင့်လျော်သည့် ဆီထွက်သီးနှံများကိုစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိနိုင်ကြောင်း၊ အလားတူရော်ဘာနှင့်ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ခြစ်စည်းရိုးကြက်ဆူပင်များကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နိုင်လျှင် ဒေသတွင်းပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဤဒေသသည် ပင်လယ်ပြင်နယ်နိမိတ်နှင့်ဆက်စပ်နေသည်ဖြစ်ရာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို ဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ စီမံကိန်းများအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မကြာမီ ဖွင့်လှစ်မည့် ရွှေသောင်ယံမြို့ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ဖောက်လုပ်ဆောင်ရွက်နေသည့် ပုသိမ်–ငွေဆောင်လမ်း ဖောက်လုပ်ရေးစီမံကိန်း အခြေစိုက်စခန်း (စိန်တောင်)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မန်နေဂျင်းဒါရိုက်တာဦးအုန်းမြင့်က ကွန်ကရစ်လမ်း (၉/၁)မိုင်နှင့် ကတ္တရာလမ်း(၂၀/၃)မိုင် ပြီးစီးမှုနှင့် ကြွခိုင်မှုအပိုင်း ထိန်းသိမ်းဆောင်ရွက်နေမှု၊ တံတား ၂၈စင်းအနက် တံတားတစ်စင်းမှအပ အားလုံးတည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ငွေဆောင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ရောင်ခြည်ထွန်းတောက်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်နေသည့် ငွေဆောင်မြို့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးတင်ရွှေက လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ငွေဆောင်မြို့ ပြည်သူ့ဆေးရုံမှာ မြေနေရာအကျယ်အဝန်း ၃ဒသမ၁၁ ဧကရှိပြီး အုတ်တိုက်အမျိုးအစားဖြစ်သည်။ အလျားမှာ ၂၁၄ပေနှင့် အနံ ၁၂၄ပေရှိပြီး ယခုလုပ်ငန်း တစ်ခုလုံး၏ ၄၀ရာခိုင်နှုန်းပြီးစီးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ရေးဦးစွာ ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူရက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဝမ်းစာဖူလုံမှု၊ ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း နွေစပါးလျာထားဧက ၅၂၅၀ အနက် ၂၀၁၅ ဧက၊ ငရုတ်ကောင်း ၁၀၁ ဧကနှင့် ရော်ဘာ ၂၅၅ ဧက၊ ခြစ်စည်းရိုး ကြက်ဆူပင် ၃၂ ဒသမ ၆၈ ဧက စိုက်ပျိုးပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ငွေဆောင်မြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် ဌာနဆိုင်ရာများက စနစ်တကျ ဆောင်ရွက်ပေးရန်နှင့် ဒေသခံများကလည်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဆန်ဖူလုံသည့်ဒေသဖြစ်သော်လည်း ထပ်မံတိုးချဲ့စိုက်ပျိုးခြင်း၊ ဒေသကြက်ကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူခြင်း၊ တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေများတိုးတက်ရရှိနိုင်ကြောင်း။

အလားတူ ရော်ဘာနှင့် ငရုတ်ကောင်းကိုလည်း တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လွယ်လင့်တကူစိုက်ပျိုးနိုင်ပြီး ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြစ်စည်းရိုးကြက်ဆူပင်ကို တစ်အုပ်တစ်မ စီးပွားဖြစ်စိုက်ပျိုးသကဲ့သို့ အိမ်တိုင်းအိမ်တိုင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရန်လိုကြောင်း၊ မိမိအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူးရရှိနိုင်ကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းများ အောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးမှာ ဌာနဆိုင်ရာနှင့် ပြည်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

CNG Spark Plugs အကြောင်းရှင်းလင်းဆွေးနွေး

ရန်ကုန် မတ် ၂၅

နိုင်ငံတော်၏ စက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် M.Y Associates Co., Ltd. (Myanmar) နှင့် Federal Mogul Corporation တို့က ကြီးမှူးကျင်းပသော CHAMPION အမှတ်တံဆိပ် CNG Spark Plugs Products Training Presentation အခမ်းအနားကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့အလုံလမ်းရှိ ဆမ်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ CHAMPION အမှတ်တံဆိပ် CNG Spark Plugs Products Training Presentation အခမ်းအနားကို အပိုင်းသုံးပိုင်းခွဲကာ Federal Mogul Corporation. Australia မှ ထုတ်လုပ်မှုဒါရိုက်တာ Mr. Tony Doyle က ရှင်းလင်းတင်ပြပြီး မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားသည်။

M.Y Associates Co. Ltd. (Myanmar) သည် Champion Automotive, Motorcyle, Industrial, Marine သုံး Sparkplug များ အပါအဝင် မော်တော်ဆိုင်ကယ်သုံး ချိန်းအမျိုးမျိုး Sporket, Bulb များ၊ Beral Clutch Plate များ၊ Payen Oil Seal များ၊ FP Diesel Engine Component များ၊ SKF Bearing and Maintenance Product များ၊ Petronas Lubricants များ၊ Opti Bele TRW-LUCAS အစရှိသည့် စက်မှုလုပ်ငန်းများသုံး ပစ္စည်းများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ပြီး ကုမ္ပဏီနှင့် ဆက်သွယ်လိုပါက အမှတ် (၂၁၆)၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၃၉၂၅၀၂၊ ၃၉၂၅၀၃၊ ၃၉၂၈၂၃ နှင့် ၃၉၂၅၈၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

Champion **အမှတ်တံဆိပ်** CNG Spark Plugs **အကြောင်းဟောပြောပွဲတွင်** M.Y Associates Co., Ltd. (Myanmar) **မှ** Chief Executive Officer **ဦးရဲထွဋ် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကံ့ကော်လမ်းသွယ် (၅) ဘုရင့်နောင်ပွဲရုံတန်းနေ နှစ်ဖက်သော မိဘ၊ ဆရာသမားများအား အမှူးထား၍ ဦးကျော်ထိုက်–ဒေါ်မြင့်မြင့်သိန်း၊ သမီး ဆုရတနာအောင် မိသားစုက ငွေကျပ် ၁၁၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ဆေးရုံအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၅)ကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါ ဆေးရုံကြီးမင်္ဂလာခန်းမ၌ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစား သံအမတ်ကြီး) က အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာကို အတွင်းရေးမှူး ဦးမောင်မောင်၊ ငွေစာရင်းရှင်းတမ်းနှင့်စာရင်းစစ် အစီရင်ခံစာတို့ကို ဘဏ္ဍာရေးမှူး ဦးတင်လှတို့က ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးက အတည်ပြုသည်။ ထို့နောက် ဆေးရုံအသင်း စည်းမျဉ်းပြင်ဆင်ခြင်းကို တင်ပြအတည်ပြုကြပြီး အုပ်ချုပ်ရေးအဖွဲ့ဝင်သစ်စာရင်းကို တင်သွင်းအတည်ပြုကြသည်။ ယင်းနောက် ၂၀၀၆ ခုနှစ်အတွက် စာရင်းစစ်ခန့်ထားပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားသည်။ (က–ပ)

ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက် သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့် အင်တာနက် နည်းပညာသင်တန်း၊ ကွန်ပျူတာအသုံးချမှုသင်တန်း၊ ကွန်ပျူတာ အသုံးချမှု အဆင့်မြင့်သင်တန်း၊ အင်တာနက် နည်းပညာသင်တန်း၊ ဒစ်ဂျစ်တယ်သုံးစွဲသူ လိုင်းသင်တန်းနှင့် စာပို့ကြပ်သင်တန်းတို့၏ ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် အဆိုပါကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပရာအီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆရာ ဆရာမများနှင့်သင်တန်းသား၊သင်တန်းသူ များ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ၌ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများကို ချီးမြှင့်သည်။ (သတင်းစဉ်)

ဆူနာမီသတိပေးစနစ် ပထမအဆင့် ပြီးစီးကြောင်း ကမ္ဘာ့မိုးလေဝသနေ့၌ စင်ကာပူ ထုတ်ပြန်ကြေညာ



စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် သြစတြေးလျနိုင်ငံများသို့ ချိတ်ဆက်တပ်ဆင်အသုံးပြုမည့် ဆူနာမီရေလှိုင်း သတိပေးစနစ်သုံး တိုင်းတာရေး ကိရိယာတစ်ခုကို မတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စင်ကာပူ မတ် ၂၄

ယခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ ကျင်းပသောအချိန်တွင် ဆူနာမီသတိပေးစနစ်၏ ပထမဆုံးအဆင့်ကို တပ်ဆင်ပြီးစီးပြီဖြစ်ကြောင်း မတ် ၂၃ ရက်တွင် စင်ကာပူနိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည်။

ထုတ်ပြန်ချက်

ပြီးစီးခဲ့သော ဆူနာမီသတိပေးစနစ် ပထမအဆင့်တွင် ငလျင်လှုပ်ရှားမှု အချက်အလက်၊ အချိန်နှင့် မြေငလျင်ကွန်ရက်ဖြစ်ပေါ်မှုကို ဒေသတွင်းရှိနိုင်ငံများသို့ အပြန်အလှန်သတင်း ပေးပို့နိုင်မည့်ကိရိယာများ တပ်ဆင်ထားသည်ဟု အမျိုးသား ပတ်ဝန်းကျင်အာဏာပိုင်အဖွဲ့ (အင်အီးအေ) ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ဆူနာမီ ကြိုတင်သတိပေးစနစ်သည် အရေးကြီးသော စနစ်ဖြစ်ကြောင်း၊ ထိုသတိပေးစနစ်တွင် ငလျင်၏ပြင်းအားအဆင့်နှင့် တည်နေရာကို သိရှိရန် မြေငလျင် စောင့်ကြည့်ရေး ကွန်ရက်ပြည့်စုံစွာပါရှိကြောင်း အင်အီးအေအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ဆူနာမီ သတိပေးစနစ် တပ်ဆင်ရေးစီမံကိန်း၏ ဒုတိယအဆင့်တွင် စင်ကာပူ၌ မြေငလျင်အာရုံခံပစ္စည်းအသစ်သုံးခုကို ထပ်မံတပ်ဆင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် စင်ကာပူ၌ ထိုပစ္စည်းလေးခုတပ်ဆင်ထားသည်။ ဒုတိယအဆင့် စနစ်များ တပ်ဆင်ပြီးစီးသောအခါ မြေငလျင်ကွန်ရက် အစိတ်အပိုင်းများကို တိုးမြှင့်တိုင်းတာသွားနိုင်မည်ဖြစ်သည်။

စီမံကိန်း၏ တတိယနှင့် နောက်ဆုံးအဆင့်တွင် မြေငလျင်အဆင့်ကို အကဲဖြတ်ခြင်းနှင့် ဆူနာမီဖြစ်ပေါ်နိုင်သောအချက်အလက်များကို ဖော်ထုတ်ပေးမည့်ကိရိယာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၀၇ ခုနှစ် နှစ်ကုန်တွင် အဆိုပါစီမံကိန်း၏ အဆင့်အားလုံး ပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း၊ ထိုစီမံကိန်းအတွက် စင်ကာပူဒေါ်လာ သုံးသန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်း) ကုန်ကျမည်ဖြစ်ကြောင်း အင်အီးအေအဖွဲ့၏ မိုးလေဝသလုပ်ငန်းဌာနက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်၌ ဗုံးပေါက်ကွဲ တစ်ဦးသေ၊ ၁၃ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် မတ် ၂၄

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းဒေသရှိ ဈေးတစ်ဈေးတွင် အိမ်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် လူတစ်ဦး ထက်မနည်း သေဆုံးသွားပြီး ယောက်ျားကလေးနှစ်ဦး အပါအဝင် လူ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဗုံးကို ဈေးဝယ်သည့် ပလတ်စတစ်အိတ်အတွင်း ထည့်သွင်းပြီး ကွက်တာမြို့မှ ကီလိုမီတာ ၃၀၀ အကွာ ကိုလူမြို့ရှိ အများသုံးတယ်လီဖုန်းရုံအနီး ချထားခဲ့ခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒုရာဇစ်ဘတ်တီက ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် တယ်လီဖုန်းရုံပျက်စီးသွားခဲ့ပြီး ယောက်ျားလေးနှစ်ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာ ရရှိခဲ့ရာ ဒေသန္တရဆေးရုံသို့ ဆေးကုသရန် တင်ထားရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ်၃၀ က ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့က မည်သူ၏လက်ချက်ဖြစ်သည်ကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယန်စီမြစ်အတွင်း တရားမဝင် ငါးဖမ်းလှေများကို ဖမ်းဆီး

ရှန်ဟိုင်း မတ် ၂၄

ယန်စီမြစ်အတွင်း တရားမဝင် ငါးနှင့် ငါးရှဉ့်ဖမ်းခြင်းကို ရှန်ဟိုင်းမြို့ရှိ ကမ်းခြေစောင့် တပ်ဖွဲ့များနှင့် နယ်စပ်ရဲထောက်လှမ်းရေးအဖွဲ့တို့က ထိရောက်စွာနှိမ်နင်းလျက်ရှိသည်။

တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်သော ယန်စီမြစ်တစ်လျှောက်တွင် လုံခြုံရေးများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်၍ အဆိုပါ နှိမ်နင်းမှုလုပ်ငန်းကို မတ် ၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

ထိုဒေသရှိ ငါးဖမ်းစက်လှေ ၃၀ ခန့်ကို လိုင်စင်လက်မှတ် ရှိ၊ မရှိကို မတ် ၂၂ ရက် ညနေ ၄ နာရီတွင် ရဲတပ်ဖွဲ့က စစ်ဆေးခဲ့ကြသည်။

စစ်ဆေးမှုပြုလုပ်သောနေ့တွင် တရားမဝင် ငါးခိုးဖမ်းသော လှေသုံးစီးကိုဖမ်းမိခဲ့သည်။ ထိုဒေသတွင် ငါးဖမ်းလုပ်ငန်း ပုံမှန်လုပ်ကိုင်နေသောလှေ ၂၀၀၀ ခန့်ရှိမည်ဟု ရဲတပ်ဖွဲ့က ခန့်မှန်းခဲ့သည်။

ထိုဒေသရှိ ငါးဖမ်းလှေငယ်များသည် လေပြင်းမုန်တိုင်းဒဏ်နှင့် လှိုင်းကြီးမှုများကို မကြာခဏခံစားကြရသည်။ ထို့အပြင် ငါးဖမ်းလိုင်စင်မရှိသော လှေလည်း ယင်းဒေသတွင် အများအပြားရှိသည်ဟု သိရှိရသည်။ နွေဦးရာသီအတွင်းဝင်ရောက်ချိန်တွင် ထိုမြစ်ဖျားပိုင်း၌ ငါးရှဉ့်ပေါက်များကို ဖမ်းယူရန် ငါးဖမ်းလှေများ အများဆုံး လာရောက်ကြသည်ဟု ရှန်ဟိုင်းဒေးလီသတင်းစာက ဖော်ပြခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ဗုံးပေါက်၍တစ်ဦးသေဆုံး

ဒါကာ မတ် ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမှ ၂၇၅ ကီလိုမီတာခန့်အကွာရှိ ကူရှီတာခရိုင်တွင် အင်္ဂါနေ့ညက ဗုံးပေါက်ကွဲသဖြင့် လူတစ်ဦးသေဆုံးပြီး အခြားလူတစ်ဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရုပ်မြင်သံကြားဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အဖျက်သမားများက လူနှစ်ဦးကို ဗုံးဖြင့်ပစ်ကာ ဖောက်ခွဲကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် လူတစ်ဦး ချက်ချင်းသေဆုံးသွားပြီး အခြားတစ်ဦးမှာ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူကို ဒေသန္တရဆေးရုံတွင် ဆေးကုသနေကြောင်း ရုပ်မြင်သံကြားက ဆက်လက်ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသည့် ကြံ့သတ္တဝါများကို မတ် ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာသတင်းများ

အင်ဒိုနီးရှားနိုင်ငံတွင် မြေပြိုမှုဖြစ်ပွား၊ လူသုံးဦးသေဆုံး

ဂျကာတာ မတ် ၂၄

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ်၌ ကြေးနီနှင့် ရွှေတွင်းတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် အမေရိကန်ကုမ္ပဏီတစ်ခု၏ မိုင်းတွင်းအနီး မြေပြိုကျမှုဖြစ်ပွားသဖြင့် လူသုံးဦး သေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြာသပတေးနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းမိုင်းတွင်းတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိသည့်အတွက် ဒေသခံများက မကျေမနပ် ဝေဖန်ပြောကြားနေသည့်အချိန်တွင် ယင်းသို့မြေပြိုကျမှုဖြစ်ပွားခြင်း ဖြစ်သည်။ အဆိုပါမိုင်းတွင်းများ ပိတ်ပင်ရေးအတွက် တောင်းဆိုနေသည့် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့တို့ ပါပူဝါပြည်နယ်တွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။

ဂရက်စဘတ်မိုင်းတွင်းရှိရာ တောင်တစ်လုံးပေါ်မှ ရွှံ့များပြိုဆင်းကျလာခဲ့သည်ဟု အဆိုပါကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ ဆစ်ဒါရာက ပြောကြားသည်။ အဆိုပါမိုင်းတွင်းသည် ဂျကာတာမြို့တော်အရှေ့ပိုင်း ကီလိုမီတာ ၃၅၀၀ ခန့်အကွာတွင် တည်ရှိသည်။ ပြိုကျလာသောရွှံ့များသည် ကုမ္ပဏီမှအလုပ်သမားများ စားသောက်ဆောင်အတွင်း စီးဝင်လာကြောင်း၊ သို့ရာတွင် မိုင်းတွင်းနေရာတွင် ယင်းကဲ့သို့သောဖြစ်ရပ်များ ကြုံတွေ့ခြင်းမရှိခဲ့ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုဖြစ်ရပ်ကြောင်း အလုပ်သမား နှစ်ဦးသေဆုံးသည်ဟု ကုမ္ပဏီကပြောကြားသော်လည်း ရဲတပ်ဖွဲ့မှ အကြီးအကဲ၏ ပြောကြားချက်တွင် လူသုံးဦးသေဆုံးသည်ဟု ကွဲလွဲစွာဖော်ပြခဲ့သည်ကို သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်၌ သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၂၃၂၀ ရှိပြီ

ဝါရှင်တန် မတ် ၂၄

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ စတင်ကျူးကျော်သိမ်းပိုက်သည့် ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၆ခုနှစ် မတ်လ ၂၄ရက်အထိ ကာလအတွင်း အသက်ဆုံးရှုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၂၃၂၀ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းဇယားများအရ သိရသည်။

အထက်ပါသေဆုံးစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးခဲ့ရသော အရပ်သား ခုနစ်ဦး၏ စာရင်းလည်းပါဝင်သည်။ သေဆုံးသူများအနက် အနည်းဆုံး ကန်တပ်ဖွဲ့ဝင် ၁၈၂၁ဦးမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်။

သေဆုံး

အထက်ပါကာလအတွင်း အပေါင်းပါတပ်ဖွဲ့ဝင်များတွင် ပါဝင်သော ဗြိတိသျှတပ်ဖွဲ့မှ ၁၀၃ဦး၊ အီတလီ ၂၇ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ စလိုဗက်နှင့် ဒိန်းမတ် သုံးဦးစီ၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ နယ်သာလန်နှင့် ထိုင်း နှစ်ဦးစီနှင့် ဟန်ဂေရီ၊ ကာဇက်စတန်၊ လတ်ဗီးယားတို့မှ တစ်ဦးစီ အသီးသီး သေဆုံးကြောင်း သိရသည်။ **အင်တာနက်။**

တာဂျစ်ကစ္စတန်နိုင်ငံ မြို့တော် ဒူရှန်ဘီတွင် မြင်းစီးသမားများ ရိုးရာသိုးလုပွဲ ကျင်းပနေကြသည်ကို မတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယအရှေ့ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား ငါးဦးသေဆုံး

နယူးဒေလီ မတ် ၂၄

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩရိဿပြည်နယ် ဒီအိုဂတ်ချ်ဒေသတွင် မတ် ၂၈ ရက် နံနက်ပိုင်း၌ စက်တပ်လန်ချားနှင့် မီနီထရပ်ကားတို့ တိုက်မိရာ ငါးဦးထက်မနည်း သေဆုံးပြီး နှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်ဟု အင်ဒို–အာရှသတင်းဌာနက ဖော်ပြခဲ့သည်။

လန်ချားသည် ရွာမှဈေးသို့အသွား လမ်းတစ်ဖက်မှလာသော မီနီထရပ်ကားနှင့် တိုက်မိခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် တည်ဆောက်နေသည့် ၄၉၂ မီတာမြင့်ပြီး ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်လာမည့် ရှန်ဟိုင်း ကမ္ဘာ့စီးပွားရေးစင်တာကို တွေ့ရစဉ်။ (ဓာတ်ပုံ–ပေကျင်းရီဗျူး)

၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံ စီးပွားရေး ပိုမိုခိုင်မာလာမည်ဟု မျှော်မှန်း

ကွာလာလမ်ပူ မတ် ၂၄

ကမ္ဘာ့အခြေအနေများ ကောင်းမွန်လာသောကြောင့် ၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ပိုမိုခိုင်မာလာမည်ဟု မျှော်မှန်းထားကြောင်း မလေးရှားအမျိုးသားဘဏ် အုပ်ချုပ်သူ ဇီတီအက်တာအာဇစ်က မတ် ၂၂ ရက်တွင် ပြောကြားသည်။

ပြည်တွင်းဝယ်လိုအား ပြောင်းလဲလာခြင်းနှင့် တင်ပို့မှုအခြေအနေ ခိုင်မာလာခြင်းကြောင့် မလေးရှားနိုင်ငံ၏ ဂျီဒီပီသည် ၆ ရာခိုင်နှုန်း ပိုမိုတိုးတက်လာမည်ဖြစ်သည်ဟု ၂၀၀၅ ခုနှစ်အတွက် ထုတ်ပြန်သောဘဏ်လုပ်ငန်းနှစ်စဉ် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းတွင် တစ်ပိုင်းလျှပ်ကူး ပစ္စည်း ဈေးကွက်ဦးမော့လာခြင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေ တိုးတက် လာခြင်းနှင့် မူလကုန်ပစ္စည်းများ ဈေးတက်လာခြင်းတို့ကြောင့် မလေးရှား နိုင်ငံ၏ ပို့ကုန်လုပ်ငန်းများ၊ ပုဂ္ဂလိကစားသုံးကုန်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု မျှော်မှန်းထားကြောင်း ဇီတီက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများ အထူးသဖြင့် ကွန်ပျူတာနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်တင်ပို့မှုတွင် ကမ္ဘာ့အခြေအနေ တည်ငြိမ်မှုကြောင့် ပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း ၎င်းကဆိုသည်။

မလေးရှားနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများဖြစ်သော ရော်ဘာ၊ ရေနံစိမ်းနှင့် အခြားစိုက်ပျိုးရေး ထွက်ကုန်များ ပိုမိုထွက်ရှိမှုကြောင့် ယခုနှစ်တွင် ပြည်ပသို့ တင်ပို့ကုန် တိုးမြင့်လာမည်ဟု မှန်းဆထားသည်။

တိုးတက်လာ

ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ အခြေအနေပိုမိုတိုးတက်ခြင်းနှင့် ကျယ်ပြန့်သော စီးပွားရေးဆိုင်ရာ မူဝါဒများကြောင့် ၂၀၀၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဘဏ္ဍာရေးစာရင်းအင်းများအရ သိရှိ ရသည်။

ယမန်နှစ်က မလေးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကပါဝင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖလိုရိုက်များ စွာပါသော ရေသောက်သုံးမှု သွားနှင့်အရိုးများ ထိခိုက်နိုင်ဟု စမ်းသပ်ချက်တွင်ဖော်ပြ

ဝါရှင်တန် မတ် ၂၄

အမေရိကန်နိုင်ငံ၌ ဖြန့်ဝေပေးပို့နေသော ရေတွင် သွားများခိုင်မာစေရေးအတွက် ဖလိုရိုက်ဓာတ်များထည့်ကာ ဖြန့်ဝေပေးရာ ထိုရေ၌ ဖလိုရိုက်ဓာတ်ပမာဏများစွာပါဝင်ပါက သွားနှင့်အရိုးများ ထိခိုက်ပျက်စီးနိုင်ကြောင်း အမျိုးသားအကယ်ဒမီသိပ္ပံဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြလိုက်သည်။

ယခုလက်ရှိ အသုံးပြုနေသည့် ရေတွင် ဖလိုရိုက်ကို တစ်လီတာလျှင် လေးမီလီဂရမ်အောက်သို့ လျှော့ချအသုံးပြုသင့်သည်ဟု အမျိုးသားသုတေသနကောင်စီက တိုက်တွန်းထားသည်။

ရေတစ်လီတာလျှင် ဖလိုက်ရိုက် နှစ်မီလီဂရမ် သို့တည်းမဟုတ် ယင်းထက်လျှော့သုံးခြင်းဖြင့် အရိုးနှင့်သွားကို များများစားစား ထိခိုက်မှုမရှိနိုင်ကြောင်း၊ ဖလိုရိုက်ကို အများအပြား အသုံးပြုပါက ကလေးငယ်များတွင် သွား၏မာသော ကြွေသားအလွှာကို ထိခိုက်နိုင်ပြီး သွားများတွင် အပေါက်များ ဖြစ်ပေါ်လာနိုင်သည်ဟု အဆိုပါ ကောင်စီက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဖလူးဂျာမြို့အနီး၌ ကားဗုံးခွဲ၍တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို မတ် ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တွင် လမ်းဘေးဗုံးပေါက်ကွဲ ဒိန်းမတ် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကိုပင်ဟေဂင် မတ် ၂၄

ဒိန်းမတ်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် လှည့်ကင်းယာဉ်သည် ဘာဆာရာမြို့အနီးရှိ လမ်းမကြီးပေါ်တွင် ဗုံးဖောက်ခွဲ ခံခဲ့ရသဖြင့် ဒိန်းမတ် တပ်ဖွဲ့ဝင်တစ်ဦး ကြာသပတေးနေ့က သေဆုံးကြောင်း ဒိန်းမတ်ကြည်းတပ်အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်က ပြောကြားသည်။

သေဆုံး

လမ်းဘေး ဗုံးဖောက်ခွဲခံရသဖြင့် ဒိန်းမတ်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် သေဆုံးသည်ဟု မိမိ အခိုင်အမာ ပြောကြားနိုင်ကြောင်း၊ နောက်ထပ် တပ်ဖွဲ့ဝင်တစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြပါ စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဒိန်းမတ်တပ်ဖွဲ့ဝင် ၅၃၀ ကို အီရတ်ရှိ ဗြိတိန်တပ်ဖွဲ့ဝင်များ၏ လက်အောက်တွင် ဖြန့်ကြက် ချထားခဲ့သည်။ အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲစတင်ဖြစ်ပွားပြီးခဲ့သည့်နောက် အီရတ်တွင် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် ဒိန်းမတ်တပ်ဖွဲ့ဝင်ဦးရေသည် သုံးဦးရှိသွားပြီးဖြစ်သည်။

ဒိန်းမတ်တပ်ဖွဲ့ဝင်များသည် အီရတ်ပြည်သူများ လွတ်လပ်မှု၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာနိုင်ရေးအတွက် ကူညီရန် အီရတ်တွင် ဆက်လက်နေရမည်ဖြစ်ကြောင်း ဒိန်းမတ်ဝန်ကြီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်တောင်ပိုင်းနှင့် ဖီဂျီကျွန်းစုဒေသတွင် အင်အားပြင်းမြေငလျင်လှုပ်မှုဖြစ်ပွား

တီဟီရန် မတ် ၂၅

အီရန်နိုင်ငံတောင်ပိုင်း ဟော်မုဇ်ဂန်ပြည်နယ်တွင် စနေနေ့က ရစ်ချ်တာစကေး ၆ ရှိ အင်အားပြင်းထန်သော မြေငလျင်လှုပ်မှု ဖြစ်ပွားသော်လည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း နိုင်ငံပိုင်အိုင်အာအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံတောင်ဘက် ပင်လယ်ကမ်းရိုးတန်းကမ်းလွန်ရှိ ပင်လယ်ကွေ့ဒေသ ကျွန်းတစ်ကျွန်းဖြစ်သော ကွက်ရှ်ရှင်ကျွန်းအနီး၌ စနေနေ့နံနက် ၁၀ နာရီ ၅၈ မိနစ်က မြေငလျင်လှုပ်မှုဖြစ်ပွားခဲ့သည်။ ကွက်ရှ်ရှင်ကျွန်းသည် ပင်လယ်ကွေ့ဒေသတွင် အကြီးဆုံးကျွန်းဖြစ်ပြီး လွတ်လပ်သောကုန်သွယ်ရေးဇုန်တည်ရှိကာ လူဦးရေ ၁၂၀၀၀၀ ခန့်ရှိသည်။

ဝယ်လင်တန်မှပေးပို့သော အခြားဆင်ဟွာသတင်းတစ်ရပ်တွင် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း ဖီဂျီကျွန်းစုဒေသတွင် စနေနေ့စောစောပိုင်းက အင်အားရစ်ချ်တာစကေး ၆ ရှိ မြေငလျင်လှုပ်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ၊ဆင်ဟွာ။

ဗင်နီဇွဲလားနိုင်ငံရှိ ရေနံချက်စက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွား၊ ဝန်ထမ်းတစ်ဦးသေဆုံး

ကာရာကတ်စ် မတ် ၂၄

ဗင်နီဇွဲလားနိုင်ငံ အနောက်ပိုင်းဒေသရှိ ရေနံချက်စက်ရုံတစ်ရုံ၌ အင်္ဂါနေ့စောစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အလုပ်သမားတစ်ဦး သေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မီးလောင်

နိုင်ငံပိုင် ပီထရိုလီရော့စ်ဒီ ဗင်နီဇွဲလား ရေနံကုမ္ပဏီ အလုပ်သမားများသည် ပုံမှန်စက်ကြီးခိုင်သန့်စင်ရေး လုပ်ငန်းများ ပြုလုပ်နေကြစဉ် ဟိုက်ဒရိုဂျင်ထည့်ထားသည့်ဘူးကို ပိတ်ရာမှ မတော်တဆမီးလောင်ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ယင်း ကုမ္ပဏီမှ မီးသတ်သမားများက မီးအချိန်မီငြိမ်းသတ်နိုင်ခဲ့ပြီး၊ ယင်းနေရာကို စောင့်ကြပ်နေကြကြောင်း ကုမ္ပဏီ၏ ပြန်တမ်းတွင် ဖော်ပြထားသည်။

ယင်းမတော်တဆ မီးလောင်မှုကြောင့် လုပ်သားနှစ်ဦး ဆိုးဆိုးရွားရွား ဒဏ်ရာရရှိပြီး အနီးရှိဆေးရုံသို့ ဆေးဝါးကုသရန် တင်ထားရသည်။

ယင်းပေါက်ကွဲမှုကြောင့် စက်ရုံ၌ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှု မရှိကြောင်း၊ စက်ရုံအာဏာပိုင်များက ရေနံထုတ်လုပ်မှုလုပ်ငန်း ပုံမှန်ဖြစ်စေရန် အလျင်အမြန်ကြိုးပမ်းနေကြကြောင်း၊ ပြည်တွင်းပြည်ပသို့ ရေနံဖြန့်ဝေမှု ထိခိုက်မှုမရှိကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။ အဆိုပါရေနံချက်စက်ရုံက နေ့စဉ်ရေနံပီပါ ၄၅၀၀၀၀ ခန့် ချက်လုပ်နေသည်ဟု သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီဂျစ်နိုင်ငံ ရှေးဟောင်းသုတေသနဌာနက ပြန်လည်ပြင်ဆင်သွားမည့် ရှေးဟောင်း စဖင့်ရုပ်တုကြီးကို မတ် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်တွင် အမေရိကန် စစ်ဘက်ယာဉ်တန်း ဗုံးဖောက်ခွဲခံရ

ဘဂ္ဂဒက် မတ် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ နိုင်ငံတကာလေဆိပ်သို့ သွားသည့်လမ်းပေါ်၌ အမေရိကန်စစ်ဘက် မော်တော်ယာဉ်တန်းတစ်ခု ဗုံးဖောက်ခွဲတိုက်ခိုက်ခံရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ပိုင်းရှိ လေဆိပ်သို့သွားရာ လမ်းမပေါ်တွင် အမေရိကန်စစ်ဘက် မော်တော်ယာဉ်တန်းကို နံနက် ၇ နာရီခွဲတွင် ဗုံးဖောက်ခွဲသူက ပေါက်ကွဲစရာပါသည့် ပစ္စည်းများတင်ဆောင်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်ပြီး ဝင်တိုက်ကာ ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

ယင်းဖောက်ခွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုရှိ၊ မရှိ သဲသဲကွဲကွဲမသိရသေးပေ။ အမေရိကန်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာကို အီရတ်ရဲတပ်ဖွဲ့ဝင်များပင် မလာရောက်နိုင်စေရန်အတွက် အသွားအလာကို ပိတ်ဆို့ထားသည်ဟု ဆိုသည်။

ယင်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ အမေရိကန်စစ်ဘက်က ချက်ချင်းဝေဖန် ပြောကြားမှု မရှိသေးပေ။

ဗုဒ္ဓဟူးနေ့စောစောပိုင်းကလည်း ပြောက်ကျားများက မာဒိန်ရှိ အီရတ်ရဲတပ်ဖွဲ့အခြေစိုက်စခန်းကို စိန်ပြောင်းများ၊ လက်နက်များဖြင့် တိုက်ခိုက်ခဲ့ကြသဖြင့် အီရတ်တပ်ရင်းမှ တပ်ရင်းမှူးတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦးတို့ သေဆုံးခဲ့သည်ဟု စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

ပြောက်ကျားများက မာဒိန်ဒေသရှိ အယ်လ်–ဆလမ်တပ်ရင်းအခြေစိုက်စခန်းကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

တပ်မတော်၏ အမျိုးသားနိုင်ငံရေးအစဉ်အလာ

ကေတုနီလာ

တပ်မတော်သည် နိုင်ငံတော်၏ ကျစ်လျစ်သိပ်သည်းသော အမျိုးသားနိုင်ငံရေးအင်အားစုအဖြစ် ရှင်သန်စွာ ဖြစ်တည်လျက်ရှိသည်။ စင်စစ် အမျိုးသားနိုင်ငံရေး အင်အားစုအဖြစ် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်မှာ မည်သူ့လက်ဝယ်မှ အမွေလုယူခဲ့ခြင်း မဟုတ်သကဲ့သို့ ဖန်တီးရယူခဲ့ခြင်းလည်း မဟုတ်ပေ။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးသမိုင်းစဉ်တရား၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုများက ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဆိုရလျှင် သူရဲကောင်းက သမိုင်းကိုဖန်တီးခြင်း မဟုတ်ဘဲ သမိုင်းကသာ သူရဲကောင်းကို မွေးဖွားဖြစ်တည် ရှင်သန်စေခဲ့သည်မှာ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးသမိုင်းစဉ် တစ်လျှောက်လုံးတွင် သက်သေအထင်အရှားရှိခဲ့ပြီးဖြစ်သည်။ မော်ကွန်းကမ္ပည်းစိုက်ထူပြီးဖြစ်သည်။

တပ်မတော်သည် ကြီးမားသော၊ ထူးခြားထင်ရှားသော အမျိုးသားနိုင်ငံရေး အစဉ်အလာများရှိခဲ့ပြီးဖြစ်သည်။ ယင်းအစဉ်အလာများကို တပ်မတော်သည် အသက်နှင့်အမျှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးဟူသော လွတ်လပ်ရေးတိုက်ပွဲဖြင့် မွေးဖွားရှင်သန်လာခဲ့ပြီး ရရှိလာခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မဆုံးရှုံးစေရန် ပြည်တွင်းပြည်ပ အန္တရာယ်များကို ဖယ်ရှားကာ ကာကွယ်ခြင်းဖြင့် ကြီးပြင်းရှင်သန်လာခဲ့သည်။

ဤသည်ကို အကျဉ်းအားဖြင့် ကောက်နုတ်တင်ပြရလျှင်–

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ရယူပေးခဲ့သည်။
(၂) နိုင်ငံတော်၏ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာ တည်ရှိမှုကို ကာကွယ်စောင့်ရှောက်ခဲ့သည်။
(၃) နိုင်ငံတော်ပြိုကွဲမည့် အခြေအနေများကို အကြိမ်ကြိမ် ထိန်းသိမ်းကာကွယ်ခဲ့သည်။
(၄) တစ်မျိုးသားလုံး၏ ညီညွတ်ရေးကို အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။
(၅) ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပြီး ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရန် အခွင့်အခါသင့်တိုင်း ကြိုးပမ်းအားထုတ်ခဲ့သည်။
(၆) နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် အစဉ်သဖြင့် သစ္စာစောင့်သိခဲ့သည်။
(၇) အမျိုးသားရေးဦးတည်ချက်မှန်သမျှကို နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လျော်ညီစွာ ချမှတ်ပြီး ဦးတည်ဆောင်ရွက်ခဲ့သည်။
(၈) လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလများတွင် နိုင်ငံတော်၌ အရေးကြုံတိုင်း တပ်မတော်သည် အမျိုးသားရေး တာဝန်အဖြစ် ဖြေရှင်းဆောင်ရွက်ခဲ့သည်။
(၉) တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ရာတွင် မည်သည့်ပါတီ အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်၏ အကျိုးစီးပွားကိုမျှ ထောက်ထားခြင်းမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုသာ ပြတ်သားရဲရင့်စွာ ထမ်းဆောင်ခဲ့သည်။

ဤသို့အားဖြင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးအစဉ်အလာကို သမိုင်းကြောင်းအရ လေ့လာရန် လိုအပ်ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်လုံးတွင် သူ့ကျွန်မခံလိုသော ဇာတိမာန်ပြင်းထန်သည့် မျိုးချစ်နိုင်ငံရေးသမား လူငယ်များ၏ ကြီးမားသည့် ရည်မှန်းချက်၊ မလျှော့သော ဇွဲလုံ့လတို့ဖြင့် တပ်မတော်ကို မွေးဖွားဖြစ်တည်လာစေခဲ့သည်။ ထိုစဉ်ကာလက တပ်မတော်၏ အမျိုးသားရေးဦးတည်ချက်သည် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဟူ၍ ချမှတ်ဆောင်ရွက်ခဲ့သည်။

တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်

အမျိုးသားနိုင်ငံရေးဖြစ်သည့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှု ဟူသော လွတ်လပ်ရေးတိုက်ပွဲတွင် တပ်မတော်သည် ပြည်သူတို့နှင့်အတူ ကျရာကဏ္ဍ၊ ကျရာတာဝန်ကို ထမ်းဆောင်ခဲ့ခြင်းဖြင့် တပ်နှင့်ပြည်သူ ကြည်ဖြူသော သမိုင်းအစဉ်အလာကို ဖြစ်ထွန်းစေခဲ့သည်။

ယင်းသို့ဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်သော ပြည်ထောင်စုသမ္မတ နိုင်ငံတော်ဖြစ်လာခဲ့သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိလာခဲ့သောမြန်မာနိုင်ငံအား ဖဆပလအစိုးရက တာဝန်ယူဦးဆောင်ခဲ့သည်။ ဖဆပလအစိုးရသည် လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံပြန်လည်ထူထောင်ရေး၊ နိုင်ငံတည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်ရန် ပြင်ဆင်ကြိုးပမ်းခဲ့သည်။

သို့သော်လည်း ဗြိတိသျှနယ်ချဲ့အစိုးရ၏ သွေးထိုးသပ်လျှိုမှုကြောင့် လွတ်လပ်ရေးနှင့်အတူ အမွေဆိုးအဖြစ် ဆက်ခံခဲ့ရသော လူမျိုးရေးသံသယစိတ်များသည်လည်းကောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) နှင့် အလံနီကွန်မြူနစ်ပါတီ (ကွန်မြူနစ်ပါတီ–ဗမာပြည်)တို့၏ လက်ဝဲအစွန်းရောက် တရားသေဝါဒရေးရာ ပြဿနာများသည်လည်းကောင်း လွတ်လပ်ရေးရရှိပြီး သုံးလအတွင်းမှာပင် ပြည်တွင်းဆူပူသောင်းကျန်းမှု လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားစေခဲ့သည်။

တစ်နိုင်ငံလုံးတွင် လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ ပျံ့နှံ့လျက်ရှိသည်။ ဖဆပလအစိုးရ၏ ဩဇာအာဏာသည် ရန်ကုန်မြို့နှင့် မိုင် ၅၀အကွာအတွင်းသာ သက်ရောက်လျက်ရှိသည်။ ရန်ကုန်အစိုးရဟူ၍ နိုင်ငံတကာ သတင်းစာများက ပြက်ရယ်ပြု ရေးသားလျက်ရှိသည်။

ထိုစဉ်ကာလတွင် နိုင်ငံရေးသမားအချို့က တပ်မတော်အား အာဏာသိမ်းရန် သတင်းစာများမှ တစ်ဆင့် ဆောင်းပါးရေးပြီး တိုက်တွန်းအကြံပြုကြသည်။ သတင်းစာဆရာများနှင့် တွေ့ဆုံရာတွင် တပ်မတော်က အာဏာသိမ်းသင့်ကြောင်း အကြံပြုကြသည်။ သို့သော်လည်း တပ်မတော်သည် နိုင်ငံတော်အာဏာကိုသိမ်းရန် လုံးဝ မစဉ်းစားဘဲ အမျိုးသားစည်းလုံးညီညွတ်ရေးရရှိရန် တိုက်တွန်းခဲ့သည်။

ထိုစဉ်က တစ်နိုင်ငံလုံး ပျံ့နှံ့နေသော ပြည်တွင်းစစ် မီးတောက်မီးလျှံကို ရှိသည့်စစ်သည် လက်နက်အင်အားဖြင့် ငြိမ်းသတ်ဖြေရှင်းခဲ့ရသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးတည်ဆောင်ရွက်ခဲ့သည်။ ၁၉၅၀–၅၁ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၈၅ ရာခိုင်နှုန်း တည်ငြိမ်အေးချမ်းပြီဟု ကြေညာနိုင်ခဲ့သည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခရိုင်၊ မြို့နယ်၊ ကျေးရွာရပ်ကွက်အဆင့်အထိ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ပြည်တွင်းစစ် မီးတောက်မီးလျှံအောက်တွင် ခိုကိုးရာမဲ့၊ လယ်မဲ့ယာမဲ့၊ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသော ပြည်သူတို့သည် တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်ခဲ့သည်။ လက်နက်ကိုင် ဆူပူသောင်းကျန်းသူတို့သည်လည်း မြို့ကြီးပြကြီးများသို့ ချဉ်းကပ်နိုင်ခြင်းမရှိဘဲ အစွန်အဖျား ကျေးလက်ဒေသများတွင် ခိုအောင်း လှုပ်ရှားနေရသောဘဝသို့ ကျရောက်ခဲ့သည်။ ပြည်သူတစ်ရပ်လုံး၏ အားကိုးရာ ယုံကြည်ရာသည် တပ်မတော်မှတစ်ပါး အခြားမရှိဟူသော ဘဝအမြင်ကို ပေါက်ဖွားစေခဲ့သည်။ ဤသည်မှာ တပ်နှင့်ပြည်သူ ကြည်ဖြူသော အမျိုးသားနိုင်ငံရေး အစဉ်အလာကို တပ်မတော်က ဆက်ခံထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းအန္တရာယ်ဖြစ်သော လက်နက်ကိုင် ဆူပူသောင်းကျန်းမှုကို ရှင်းလင်းချေမှုန်းခဲ့သော တပ်မတော်သည် ၁၉၅၀–၅၁ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံအရှေ့ပိုင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ပြည်ပအန္တရာယ် တရုတ်ဖြူ ကူမင်တန်တပ်များကို တွန်းလှန်ချေမှုန်းခဲ့ရသည်။ ထိုစဉ်ကာလက နိုင်ငံတကာ နိုင်ငံရေးအခြေအနေမှာ ဆိုဗီယက်ပြည်ထောင်စု ခေါင်းဆောင်သော အရှေ့အုပ်စုနှင့် အမေရိကန်ဦးဆောင်သော အနောက်အုပ်စုတို့၏ အားပြိုင် ဘက်လုနေသော စစ်အေးတိုက်ပွဲကြောင့် ဒေသအလိုက်စစ်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် ကိုရီးယားစစ်ပွဲ အကြီးအကျယ် ပြင်းထန်စွာ ဖြစ်ပွားနေသောကာလဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် တရုတ်ဖြူကူမင်တန် ကျူးကျော်မှုကို မတွန်းလှန်နိုင်ပါက နိုင်ငံ၏ အဓိကအကျိုးစီးပွားဖြစ်သည့် နယ်မြေတည်တံ့မှုနှင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုကို ခြိမ်းခြောက်ထိပါးလာသည့် အခြေအနေသို့ ရောက်ရှိတော့မည်ဖြစ်သည်။ တရုတ်ဖြူ ကူမင်တန် ကျူးကျော်မှုနောက်ကွယ်မှ ကြိုးကိုင်နေမှုများကို တပ်မတော်ကဖော်ထုတ်ရရှိခဲ့သဖြင့် နိုင်ငံတော်အစိုးရမှတစ်ဆင့် ကုလသမဂ္ဂသို့ သံတမန်လမ်းကြောင်းဖြင့် တင်ပြခဲ့ပြီး စစ်ရေးအရလည်း လက်နက်၊ ရိက္ခာ၊ လူအင်အားတောင့်တင်းသော ပြည်ပကျူးကျော်မှုကို ကြံ့ကြံ့ခိုင်ခိုင် အနိုင်တိုက်နိုင်သည်အထိ ပြောင်မြောက်စွာ ချေမှုန်းတွန်းလှန်နိုင်ခဲ့သည်။ တရုတ်ဖြူကူမင်တန် ကျူးကျော်မှုကို အောင်မြင်စွာ တွန်းလှန်ချေမှုန်းခဲ့သော "ရန်ကြီးအောင် စစ်ဆင်ရေး"၊ "ဘုရင့်နောင် စစ်ဆင်ရေး" အပါအဝင် တပ်မတော်၏ စစ်ဆင်ရေးကြီးများသည် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးသမိုင်းတွင် ထင်ရှားခိုင်ခံ့သော မော်ကွန်းများအဖြစ် ကမ္ဘာတည်အောင် ရှိနေမည်ဖြစ်သည်။

တပ်မတော်သည် ပြည်တွင်းပြည်ပ အန္တရာယ်များကို ဖယ်ရှားရှင်းလင်း တွန်းလှန်ချေမှုန်းနိုင်သဖြင့် ၁၉၅၂–၅၃ခုနှစ်မှ စတင်ပြီး နိုင်ငံ၏ အခြေအနေအရပ်ရပ်သည် တည်ငြိမ်အေးချမ်းလာခဲ့သည်။ ယင်းကာလအတွင်းမှာပင် ဖဆပလအစိုးရအဖွဲ့၏ အခြေခံအမြုတေအင်အားဖြစ်သည့် ဆိုရှယ်လစ်ပါတီအတွင်း နိုင်ငံရေးအယူအဆ ဝါဒအစွဲအလမ်းအရ ကိုရီးယားစစ်ပွဲနှင့် ပတ်သက်ပြီး ပါတီနှစ်ခြမ်းကွဲအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဆိုရှယ်လစ်ပါတီ နှစ်ခြမ်းကွဲ၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ၁၉၅၈ခုနှစ်တွင် အာဏာရ ဖဆပလအစိုးရအဖွဲ့သည်လည်း တည်မြဲဖဆပလအဖွဲ့ (ဆွေငြိမ်း)နှင့် သန့်ရှင်းဖဆပလအဖွဲ့ (နုတင်)ဟူ၍ နှစ်ခြမ်းကွဲခဲ့သည်။ ယင်းကဲ့သို့ အာဏာရ ဖဆပလအစိုးရအဖွဲ့ နှစ်ခြမ်းကွဲမည့် အခြေအနေတွင် တပ်မတော်က "နှစ်ဖက်နောက်ကြောင်း သမိုင်းနှင့် သံယောဇဉ်များကို ထောက်ထား၍လည်းကောင်း၊ သမိုင်းကြောင်းအရ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးဖြစ်သည့် ဖဆပလအဖွဲ့ကြီးကွဲခဲ့လျှင် နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည့် အခြေအနေများကို စဉ်းစားဆင်ခြင်၍လည်းကောင်း ပြန်လည်ပေါင်းစည်းညီညွတ်ရန် ကြိုးပမ်းသင့်သည်"ဟု အကြံပြုခဲ့သည်။ ဤသည်မှာ တပ်မတော်အနေဖြင့် အမျိုးသားညီညွတ်ရေးကို ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သို့စေကာမူ ပုဂ္ဂိုလ်ရေးအာဃာတများ၊ အုပ်စုကွဲဝါဒများ၊ ဂိုဏ်းခွဲသင်းခွဲ၊ အစွဲအလမ်း ပြင်းထန်မှုများကြောင့် တစ်ချိန်သောကာလက အတူတကွလက်တွဲတည်ဆောက်ခဲ့သည့် အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစုကြီးဖြစ်သော ဖဆပလအဖွဲ့သည် နှစ်ဖွဲ့နှစ်ခြမ်းအဖြစ် လမ်းခွဲခဲ့ကြသည်။

ဖဆပလအဖွဲ့ နှစ်ခြမ်းကွဲပြီးနောက် ပါလီမန်တွင် အားပြိုင်မဲခွဲခဲ့ရာ သန့်ရှင်းဖဆပလ (နုတင်)အဖွဲ့က ရှစ်မဲအသာဖြင့် အနိုင်ရရှိပြီး အစိုးရဖွဲ့ခဲ့သည်။ သန့်ရှင်းဖဆပလ အစိုးရသည် နိုင်ငံကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ တစ်နိုင်ငံလုံးတွင် ဖဆပလအဖွဲ့၏ အကွဲဂယက်အဖြစ် လူထုလူတန်းစားအလိုက် နှစ်ဖက်အားပြိုင် စည်းရုံးမှုများဖြင့် ပဋိပက္ခများဖြစ်ပွားလာခဲ့သည်။ နောက်ဆုံးတွင် "ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်စုံအညီနှင့်" ဟူသော အထောက်တော်သတင်းစာမှ အထောက်တော် ဦးအုန်းမြင့်၏ သတင်းဆောင်းပါး၌ ဖော်ပြထားသကဲ့သို့ပင် ဒုတိယအကြိမ် ပြည်တွင်းစစ် ဖြစ်ပွားမည့် အခြေအနေများ ဖြစ်ပေါ်လာသည်အထိ နိုင်ငံနှင့် ပြည်သူတို့အတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ဆဆ

※ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ကြီးစွာသောအန္တရာယ်သည် နေ့လားညလား နီးကပ်လာခဲ့သည်။ ယင်းအခြေအနေအရပ်ရပ်ကို ထိန်းသိမ်းနိုင်ခြင်းမရှိသော သန့်ရှင်း ဖဆပလ (နုတင်)အစိုးရအဖွဲ့က တပ်မတော်အား ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးရန်တို့အတွက် တာဝန်ယူဆောင်ရွက်ပေးပါဟူ၍ အကူအညီတောင်းခံပြီး ပြည်သူ့လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်အာဏာကို တပ်မတော်အား လွှဲပြောင်းအပ်နှံခဲ့ရသည်။ ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၈ရက်တွင် တပ်မတော်က တာဝန်ယူဖွဲ့စည်းသော အိမ်စောင့်အစိုးရသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် နိုင်ငံနှင့်အဝန်း လက်နက်ပုန်းများကို ဖော်ထုတ်သိမ်းဆည်းခဲ့ရသည်။ ရန်ကုန်မြို့နှင့် အင်းစိန် ပတ်ဝန်းကျင်ရှိ ပြန်ပေးဂိုဏ်း၊ ဓားပြဂိုဏ်းများကို အရေးယူနှိမ်နင်းရသည်။ အာဏာရ ဖဆပလအဖွဲ့က ဖွဲ့စည်းထားသည့် ခါးပိုက်ဆောင်တပ်ဖွဲ့များကို ဖျက်သိမ်းရသည်။

အခြားတစ်ဖက်တွင်လည်း ပြည်တွင်းဆူပူ သောင်းကျန်းမှုအား စည်းရုံးရေးအရ အမြင်မှန်ရစေပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ကောင်းစွာကြိုဆိုလက်ခံ၍ ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့ ထားရစ်ခဲ့သော အမွေဆိုး ဖြစ်သည့် မြေရှင်ပဒေသရာဇ်စနစ် အကြွင်းအကျန် ဖျက်သိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၁၉၅၉ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် စော်ဘွားများ အာဏာ စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယင်းအပြင် မပြီးပြတ်သေးသော တရုတ်–မြန်မာ နယ်နိမိတ် သတ်မှတ်ရေးစာချုပ်ကိုလည်း ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၂၈ ရက်တွင် ချုပ်ဆိုနိုင်ခဲ့သည်။

ဤသို့အားဖြင့် တပ်မတော်ခေါင်းဆောင်သော အိမ်စောင့်အစိုးရသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ တည်ငြိမ်အေးချမ်းလာစေရန် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ရှေးရှုဦးတည်ဆောင်ရွက်ခဲ့သည်။ အရပ်ရပ်သော အခြေအနေများ တည်ငြိမ်ကောင်းမွန်လာခဲ့သဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများကို ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လည်းကောင်း၊ လူမျိုးစုလွှတ်တော် ရွေးကောက်ပွဲများကို ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင်လည်းကောင်း လွတ်လပ်၍ တရားမျှတစွာ ကျင်းပပေးခဲ့သည်။ အနိုင်ရရှိသော သန့်ရှင်းဖဆပလ (ပထစ) အဖွဲ့အား ၁၉၆၀ပြည့်နှစ် ဧပြီလ ၄ရက်နေ့တွင် နိုင်ငံတော် အာဏာကို ပြန်လည်လွှဲအပ်ခဲ့သည်။

နိုင်ငံတော် ယိမ်းယိုင်ပြိုလဲတော့မည့် အခြေအနေကို ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရသည့် တပ်မတော် အိမ်စောင့်အစိုးရလက်ထက် (၁၉၅၈–၆၀)ပြည့်နှစ် ၁၈ လ ကာလအတွင်း ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် လွတ်လပ်ရေးရပြီး ၁၀ နှစ် ၁၀ မိုး ကာလတစ်လျှောက် နိုင်ငံရေးပါတီအစိုးရများ မဖြေရှင်းနိုင်ခဲ့သော ပြဿနာများ၊ လျစ်လျူရှုထားသော အမျိုးသားရေးကိစ္စများကို အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။ ယိုယွင်းပျက်ပြားနေသော ငြိမ်ဝပ်ပိပြားမှုနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးတို့ကို တည်ငြိမ်ခိုင်မာလာစေရန် ဆောင်ရွက်နိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ အနှစ်သာရများကို ပြန်လည်ရှင်သန်လာစေရန် ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ဤသည်တို့မှာ တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အမျိုးသားရေးသမိုင်းမှ အခန်းကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူပြီး တာဝန်ယူဦးဆောင်ခဲ့သော ပထစအစိုးရသည် ပြည်နယ် ပေးရေး၊ မပေးရေးထောက်ခံပွဲ၊ ကန့်ကွက်ပွဲ ပြဿနာများနှင့်အတူ အာဏာကိုလက်မလွှတ်ချင်ကြသော စော်ဘွားများနှင့် လူမျိုးရေးအစွန်းရောက် တိုင်းရင်းသား နိုင်ငံရေးပါတီတို့ ပူးပေါင်းလှုပ်ရှားခဲ့သည့် ဖက်ဒရယ်မူ တောင်းဆိုမှု ပြဿနာစသည့် ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ပြတ်သားစွာ ဖြေရှင်းနိုင်ခဲ့ခြင်းမရှိပေ။ ယင်းအပြင် ဦးဗိုလ်အုပ်စုနှင့် သခင်အုပ်စုတို့၏ အုပ်စုအကွဲအပြဲအခြေအနေများသည် ပထစ အစိုးရအတွက် ဘူးလေးရာဖရုံဆင့်သကဲ့သို့ နိုင်ငံရေး၊ စည်းရုံးရေး အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရပြန်သည်။

အာဏာရပထစအစိုးရသည် နိုင်ငံကို တည်ငြိမ် အေးချမ်းအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ ပြည်ထောင်စုကြီး ပြိုကွဲမည့်အလားအလာနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြိုကွဲမည့်အခြေအနေများနှင့်အတူ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးပါးမည့် အန္တရာယ်များကို နိုင်ငံရေး၊ စည်းရုံးရေးအရ ကာကွယ်တားဆီးနိုင်ခြင်းလည်း မရှိတော့ပေ။

ထို့ကြောင့်ပင် ၁၉၆၂ ခုနှစ်တွင် တပ်မတော်သည် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော် အာဏာကို လွှဲပြောင်းထိန်းသိမ်းခဲ့ရသည်။ တော်လှန်ရေးကောင်စီသည် နိုင်ငံတော်၏ မူလနိုင်ငံရေး ဦးတည်ချက်ဖြစ်သော ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံရေးပါတီများမှ နိုင်ငံရေးခေါင်းဆောင်များအား ပူးပေါင်းဆောင်ရွက်ကြရန် ကြိုးပမ်းခဲ့သော်လည်း ပါတီနိုင်ငံရေးသမားများ၊ လက်နက်ကိုင်သောင်းကျန်းသူများ၏ အတွေးအခေါ်အမှားနှင့် လုပ်ရပ်အမှားများကြောင့် အောင်မြင်မှုမရခဲ့ပေ။

တော်လှန်ရေးကောင်စီသည် ၁၉၆၂ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးကို အခြေခံသော နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ၁၉၇၄ခုနှစ် မတ်လ ၂ရက်နေ့တွင် တော်လှန်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ နိုင်ငံတော် အာဏာကို လွှဲပြောင်းပေးအပ်ခဲ့သည်။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေးအပ်ထားသော နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ အစိုးရသည် နိုင်ငံတော်အား ဆိုရှယ်လစ်နိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရှိဘဲ စီးပွားရေးအကျပ်အတည်းများ ဖြစ်လာခဲ့သည်။ ပြည်သူတို့၏ ယုံကြည်ထောက်ခံမှု ကျဆင်းလာခဲ့သည်။ တစ်ပါတီစနစ်ကို စိတ်ပျက်ငြီးငွေ့လာခဲ့သည်။

ဤသို့အားဖြင့် အပြောင်းအလဲတစ်ခုကို လိုလားကြသော ပြည်သူများ၏ဆန္ဒနှင့် သဘောထားအမှန်ကို အလွဲသုံးစားလုပ်ပြီး နိုင်ငံတော်အာဏာကို ဖြတ်လမ်းမှရယူလိုကြသော လက်ဝဲ၊ လက်ယာ နိုင်ငံရေးအုပ်စုများ၊ ပြည်ပပယောဂများ၊ တောမီးလောင်တောကြောင် လက်ခမောင်းခတ်လိုကြသော မင်းမဲ့ဝါဒီများက ၁၉၈၈ခုနှစ် အရေးအခင်းကို မင်းမဲ့စရိုက်သောင်းကျန်းမှု ဖြစ်စေသည်အထိ လှုံ့ဆော်ဖန်တီးခဲ့သည်။

၁၉၈၈ခုနှစ် မင်းမဲ့စရိုက်သောင်းကျန်းမှုသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်စိုးမှုကို လည်းကောင်း၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကိုလည်းကောင်း ခြိမ်းခြောက်အန္တရာယ်ပြုလာခဲ့သဖြင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို တပ်မတော်က ယူခဲ့ရသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်၌ ယိုယွင်း ပျက်ပြားနေသော ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကူးသန်းသွားလာဆက်သွယ်မှုများ ချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။ ပြည်သူတို့၏ စားဝတ်နေရေး သက်သာချောင်ချိမှုအတွက် သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းများကို ကူညီအားပေးခဲ့သည်။ ယင်းနောက် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်တွင် ကျင်းပပေးခဲ့သည်။ ၁၉၈၉ ခုနှစ်မှစ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၇)ဖွဲ့အပါအဝင် အစုအဖွဲ့များစွာနှင့် ငြိမ်းချမ်းရေးရယူခဲ့ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ဤသည်တို့မှာ တပ်မတော်က အမျိုးသားညီညွတ်ရေး အစဉ်အလာကောင်းကို ဆက်ခံထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်သည်။

မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် တပ်မတော်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ကြိုးပမ်းဖော်ဆောင်ပေးနေသော နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများသည် မည်သည့်ခေတ်ကာလတွင်မျှမရှိခဲ့သော အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ကို လက်ငင်း အမျိုးသားနိုင်ငံရေးလမ်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းလမ်းစဉ် (၇)ရပ်၏ ပထမအဆင့် ဖြစ်သည့်အပြင် အခြေခံ အုတ်မြစ်လည်းဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်။ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အခြေခံအကျဆုံးဖြစ်သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံတွင် ညှိနှိုင်းဆွေးနွေး ချမှတ်ပေးလျက်ရှိသည်။

ချုပ်၍ဆိုရလျှင် တပ်မတော်သည် အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းနှင့်အညီ လွတ်လပ်ရေးတိုက်ပွဲကာလမှ မျက်မှောက် သမိုင်းခေတ်အထိ နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးအပါအဝင် နိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားဖြစ်သော အမျိုးသားနိုင်ငံရေးတာဝန်ကို ဖြူစင်သော စေတနာ၊ မှန်ကန်သော လုပ်ရပ်များဖြင့် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ မြန်မာ့နိုင်ငံရေး သမိုင်းစဉ် တစ်လျှောက်တွင် ရွှန်းလဲ့တောက်ပြောင်သော မော်ကွန်း ကျောက်တိုင်များကို ဆက်လက်စိုက်ထူကာ ထာဝရတည်ရှိရှင်သန်နေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

လက်ချင်းယှက်၍ ညီစေပြီ

(တျာချင်း)

* လူသားမှန်သမျှ၊ ဘဝဖူလုံ
စားဝတ်နေမှု၊ သုံးခုလုံးပြည့်စုံ
ကိုယ်ခန္ဓာလုံ၊ လွှမ်းခြုံဝတ်စား
ပိုးမွှားမှက်ခြင်၊ ပူအေးလျှင်
ကိုယ်တွင်ကာကွယ်ထားသည်နှင့်လေး။

* မိသားတစ်စု၊ စားမှုပြည့်စုံ
ခန္ဓာကိုယ်များ၊ ဝတ်စားဆင်ယင်ကုန်
ခိုးသားရန်စုံ၊ လုံခြုံကင်းဝေး
တဲအိမ်တိုက်တာ၊ ဝင်းခြံကာ
အေးချမ်းစွာနေနိုင်ရေးငယ်နှင့်လေး။

* ရပ်ရေးရွာရေး၊ ငြိမ်းအေးသာယာ
လုံခြုံစေကြောင်း၊ စုပေါင်းညီညွတ်စွာ
ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ်သာစောင့်ရှောက်
ပြင်ပရန်စွယ်၊ အန္တရာယ်
အမှန်တကယ် ပပျောက်သည်နှင့်လေး။

* အိုးအိမ်တည်ဆောက်၊ တောက်လျှောက်ဝေစည်
ရပ်ရွာများမှ၊ မြို့ပြဖြစ်စေပြီ
မြို့များမှသည်၊ နိုင်ငံဆီသို့
သစ်တည်ဖြစ်ပေါ်၊ ဒို့ကြွေးကြော်
ဒို့နိုင်ငံတော် လုံခြုံဖို့ငယ်နှင့်လေး။

* အေးချမ်းသာလို့၊ ရှေ့သို့လှမ်းချီ
ဝေဖြာတိုးတက်၊ ဖြိုးလျက်ဝေဝေစည်
မြန်မာ့ရွှေပြည်၊ ခေတ်မီဖွံ့ထွား
စားဝတ်ပြေလည်၊ နေရန်ရည်
သွေးချင်းညီ ချစ်ကြည်အားငယ်နှင့်လေး။

* ဒို့သွေးဒို့သား၊ တိုင်းရင်းသားညီညာ
တည်ထောင်ပြုခဲ့၊ ပြည်ထောင်စုရွှေမြန်မာ
ဒါဒို့ပြည်ပါ၊ ဒို့သာပိုင်ကြ
ဒို့မြေလုံရန်၊ ဒို့အားမာန်
အစဉ်မိဋ္ဌာန်ကာကွယ်ရမည်ပလေး။

* ညီနောင်ပြုထွတ်မြတ်တွေး–
လက်ချင်းယှက်၍ညီစေပြီ။

* ပြည်ထောင်စုလွတ်လပ်ရေး–
အသက်နှင်းဆက်၍တည်စေမည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်

တက္ကသိုလ်မြတ်သူ

သုခါဝါသဓမ္မရိပ်သာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ခွဲ(၁၈၁)၌ (၅၄)ကြိမ်မြောက် ၁၀ရက်တရားစခန်းပွဲကို ဧပြီ ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စခန်းပွဲတွင် မိုးကုတ်ဓမ္မကထိက ဆရာတော် ဦးနန္ဒောဘာသ (သုဝဏ္ဏသိင်္ဂီ ပရိယတ္တိစာသင်တိုက်)က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ စခန်းဝင်လိုသူများ ဖုန်း–၅၃၇၃၂၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (က–ပ)

မြို့ပြဒေသ အနာကြီးရောဂါ တိုက်ဖျက်ရေးပညာပေးဆွေးနွေး ဟောပြောပွဲအခမ်းအနားကို မတ် ၂၁ ရက်က သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စမ်းရီရီဆွေ အနာကြီးရောဂါအကြောင်း ရှင်းလင်းဟောပြောစဉ်။ (ကျန်းမာရေး)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မတ် ၂၅

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ အနော်ရထာခန်းမ၌ကျင်းပရာ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင်များ၊ ဦးစီးကော်မတီအောက်ရှိ ပြိုင်ပွဲကျင်းပရေးကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဆုရရှိကြသူများ တက်ရောက်ကြသည်။

စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရှေးဦးစွာ (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တပ်မတော် စတင်ဖွဲ့စည်းပေါ်ပေါက်လာကတည်းက ပြည်သူများ၏ အာသီသပြင်းပြသည့် လွတ်လပ်ရေးကြီးကို ဖော်ဆောင်ပေးခဲ့သော မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ လစာ၊ ရိက္ခာနှင့် မည်သည့်အခွင့်အရေးကိုမျှ မျှော်မှန်းခြင်းမရှိဘဲ မျိုးချစ်စိတ်ဖြင့်ဝင်ရောက်စစ်မှုထမ်းကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်ပေါင်းတစ်ရာကျော် မြန်မာနိုင်ငံ၏ အဆီအနှစ်ကို ဝါးမျိုခဲ့သည့် နယ်ချဲ့ကို မောင်းထုတ်နိုင်ခဲ့သကဲ့သို့ ဖတ်ဆစ်တော်လှန်ရေးကြီးကိုလည်း ပြည်သူနှင့်လက်တွဲပြီး အောင်မြင်စွာဆင်နွှဲခဲ့ကြကြောင်း၊ ၁၉၄၅ခုနှစ် မတ် ၂၇ ရက်သည် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ သမိုင်းမော်ကွန်းတင်ရစ်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်ကြဉ်းပြီး ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်းသယ်ပိုးထမ်းဆောင်ခဲ့သော မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊

ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်သည် လွတ်လပ်ရေးကြီးကို ပြည်သူနှင့်လက်တွဲပြီး အရယူပေးခဲ့သကဲ့သို့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲစေရန် အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းကောင်းမွေအဖြစ် အထင်အရှားတည်ရှိခဲ့ကြောင်း။

ပြည်သူထဲကပေါက်ဖွားလာပြီး ပြည်သူနှင့် တစ်သားတည်းဖြစ်သည့် တပ်မတော်၏သမိုင်းဝင် သမိုင်းတင်ထိုက်သည့် ဆောင်ရွက်မှုများ၊ ကောင်းမြတ်သည့်အစဉ်အလာများ၊ ပြည်သူနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့သဖြင့် ရရှိခဲ့သည့် အောင်မြင်မှုများကို နောင်လာနောက်သားများ သိရှိနားလည်အောင် ဖော်ကျူးမော်ကွန်းတင်နိုင်စေရန် ၁၉၈၃ခုနှစ် (၃၈)နှစ်မြောက် တပ်မတော်နေ့ကစပြီး စာပေနှင့်အနုပညာပြိုင်ပွဲများကို ကျင်းပပေးခဲ့ကြောင်း၊ ယခုဆိုလျှင် (၁၄)ကြိမ်မြောက် ခရီးရောက်ခဲ့ပြီဖြစ်ကြောင်း၊ (၃၈)နှစ်မြောက် တပ်မတော်နေ့တွင် စတင်ကျင်းပသည့် ပြိုင်ပွဲများတွင် ကဗျာနှင့်စာစီစာကုံးပြိုင်ပွဲ၊ တေးသီချင်းပြိုင်ပွဲ၊ ပန်းချီပန်းပုပြိုင်ပွဲများသာ ကျင်းပနိုင်ခဲ့ကြောင်း။

(၃၉)နှစ်မြောက် တပ်မတော်နေ့တွင်ဝတ္ထုရှည်နှင့် စစ်ချီသီချင်းပြိုင်ပွဲ တိုးချဲ့ခဲ့ကြောင်း၊ နှစ်(၅၀)ပြည့်ရွှေရတု တပ်မတော်နေ့ပြိုင်ပွဲတွင် ကဗျာတို၊ ကဗျာရှည်ခွဲခြားပြီး ပြိုင်ပွဲကျင်းပပေးခဲ့ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကိုလည်း အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် သတ်မှတ်ပြီး တိုးချဲ့ကျင်းပပေးခဲ့ကြောင်း။

တေးသီချင်းပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့် တိုးချဲ့ကျင်းပခဲ့ပြီး ဓာတ်ပုံပြိုင်ပွဲတွင် ရောင်စုံပြိုင်ပွဲနှင့် အဖြူအမည်း ခွဲခြားကျင်းပပေးခဲ့ကြောင်း၊ ယခုအခါ ကျောင်းသား၊ ကျောင်းသူများ၏ ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ တေးသီချင်းပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဝတ္ထုရှည်ပြိုင်ပွဲ စသည့် အနုပညာပြိုင်ပွဲမျိုးစုံ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲများ ကျင်းပပေးခြင်းသည် တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်ကို ဖော်ဆောင်ခြင်း၊ ချီးမွမ်းဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုမော်ကွန်းတင်ခြင်းနှင့် မျိုးဆက်သစ်အကျိုးပြု စာပေပညာရှင်များကို မွေးဖွားသန့်စင်ပေးနေခြင်းတို့ပင် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကဗျာပြိုင်ပွဲဆု

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ကဗျာရှည် အဆင့်(၁)ပြိုင်ပွဲတွင် ပထမဆုရ "လမင်းနိုင်ငံ" ကဗျာကိုရေးသားသူ တက္ကသိုလ်မောင်သန့်စင်၊ ဒုတိယဆုရ "အမျိုးသားရေးခင်မွေ့ အဘိုးမြေ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ စစ်ချီတေးပြိုင်ပွဲတွင် ဒုတိယဆုရ မအေးမြတ်သူအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ခြသေ့်" ကဗျာကို ရေးသားသူ တင့်ထွန်း(ချောက်)နှင့် တတိယဆုရ "အားဆယ်တန် ဂုဏ်အစွမ်းနှင့် ခြိုလွှမ်းခဲ့သောတပ်မတော်" ကဗျာကို ရေးသားသူ မျိုးစစ်သည်တို့အားလည်းကောင်း၊ ကဗျာရှည် အဆင့်(၂) ပြိုင်ပွဲတွင် ပထမဆုရ "ဗိုဇမှန်ကန် မျိုးထက်သန် ထိုက်တန်မော်ကွန်း ဂုဏ်တင်မွန်း"ကဗျာကို ရေးသားသူ မောင်သာမာန်၊ ဒုတိယဆုရ "ရွှေနိုင်ငံ ရွှေကမ္ဘည်းနှင့် ရွှေခရီး ရွှေပန်းတိုင်"ကဗျာကို ရေးသားသူ မင်းသွေးနွယ်(ဇီးကုန်း)နှင့် တတိယဆုရ "အနာဂတ်၏ ရွှေရောင်လမ်း"ကဗျာကို ရေးသားသူ ရွှင်လန်းတို့အားလည်းကောင်း၊ ကဗျာတို အဆင့်(၁)ပြိုင်ပွဲတွင် ပထမဆုရ "မော်ကွန်းအလှဖော်ညွှန်းကြ တက်ကြွညီညီ တို့ရွှေပြည်"ကဗျာကို ရေးသားသူ ပုဏ္ဏဝတီတင့်နှောင်း၊ ဒုတိယဆုရ "ပြည်သူကွန်းခို မြရိပ်ညို" ကဗျာကိုရေးသားသူ မစောက္ကန္ဒာသက်မောင်နှင့် တတိယဆုရ "စည်းလုံးချစ်ကြည် နိုင်ငံတော်သစ်ဆီ"ကဗျာကို ရေးသားသူ ရွှေညာသားမြတ်မင်းတို့အား လည်းကောင်း၊ ကဗျာတိုအဆင့်(၂) ပြိုင်ပွဲတွင် ပထမဆုရ "တွေးအယူတူမျှ ဖေးကူသူမ အေးလူကြူမြ ပြည်သစ်လမ်း"ကဗျာကိုရေးသားသူ မေသက်နွယ်ဦး၊ ဒုတိယဆုရ "ရွှေခေတ် ရွှေနိုင်ငံ ရွှေမော်ကွန်း"ကဗျာကို ရေးသားသူ မောင်တင်ထွန်း

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(ကန်သာလေး)နှင့် တတိယဆုရ "မြန်မာပြည်ကာကွယ်မည်"ကဗျာကို ရေးသားသူ အောင်ခြိမ့်မိုးတို့အားလည်းကောင်း ဆုများ အသီးသီးချီးမြှင့်သည်။

ဝတ္ထုပြိုင်ပွဲဆု

ယင်းနောက် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းက (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရ "နေမင်းသံလွင် လမင်းသံလွင်"ဝတ္ထုကို ရေးသားသူ တင်အောင်စိုး(ပန်းမြို့တော်)၊ ဒုတိယဆုရ "ကြယ်စင်ဖွဲ့ယံ ရွှေနိုင်ငံ"ဝတ္ထုကို ရေးသားသူ စိုးပိုင်ယွန်းနှင့် တတိယဆုရ "စစ်မှာအားသွန် ပျိုရွယ်လွန်တိုင်"ဝတ္ထုကို ရေးသားသူ ရဲရဲထွန်း(ဟသ်ာတ)၊ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရ "စစ်သားဖေဖေ ဖေဖေစစ်သား"ဝတ္ထုကိုရေးသားသူ မောင်ချိုဝေ၊ ဒုတိယဆုရ "မြင့်မြတ်မော်ကွန်း" ဝတ္ထုကိုရေးသားသူ နွေးထက်လှိုင်နှင့် တတိယဆုရ "စစ်ဖိနပ်တစ်ရန်" ဝတ္ထုကိုရေးသားသူ မိုးမြင့်စံ၊ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မမြဝင်း(အောင်နန်း/ရှေ့)၊ ဒုတိယဆုရ ဆူးခါးဘုန်းမြင့်နှင့် တတိယဆုရ မသန်းအိ(ပုလဲဖြူ)၊ ဆောင်းပါးပြိုင်ပွဲ ကျွမ်းကျင်ပညာရှင်အဆင့်တွင် ပထမဆုရ ဦးစိုးမြင့်(အလယ်တန်းပြ၊ အထက(၂) သာစည်)၊

ဒုတိယဆုရ ဒေါ်နန်းတင်ရီ (အလယ်တန်း
တတိယဆုရ ဒေါ်တင်တင်ခိုင်(အလယ်တ
တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စ
စစ်တက္ကသိုလ်မှ ဗိုလ်လောင်း ရဲဘုန်းကျော်
တက္ကသိုလ်မှ မဝင်းသူနှင့် တတိယဆုရ
ဗိုလ်လောင်း ချမ်းငြိမ်းသူတို့အား ဆုများ

စာစီစာကုံးပြိုင်

ဆက်လက်၍ တွဲဖက်စစ်ထောက်ချု
(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအ
အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ဝေ
အခြေခံပညာအထက်တန်းကျောင်းမှ မရွှေစ
အခြေခံပညာ အထက်တန်းကျောင်းမှ မ
ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အလ
အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံ
မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်း
ဒုတိယဆုရ ပဲခူးမြို့ အမှတ်(၁) အခြေခံပ
မြတ်မှူးအောင်နှင့် တတိယဆုရ ဒဂုံမြို့သစ်(
အခြေခံပညာ အထက်တန်းကျောင်းမှ မ
သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆု
ဗိုလ်လောင်းချမ်းငြိမ်းသူ၊ ဒုတိယဆုရ ဆေးတ
ထွန်းနှင့် တတိယဆုရ ပြည်ထောင်စုတို
တက္ကသိုလ်မှ မောင်စောမောင်၊ အခြေခံပညာ
တွင် ပထမဆုရ ပဲခူးမြို့အမှတ်(၁) အခြေ
မောင်ကောင်းဝေဦး၊ ဒုတိယဆုရ ဒဂုံမြို့နယ်
တန်းကျောင်းမှ မသိမ့်ဒါလီနှင့် တတိယဆု
ပညာအထက်တန်းကျောင်းမှ မောင်သက်မိုး၊
ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူးမြို့အမှတ်(
ကျောင်းမှ မဇင်သွယ်သွယ်အေး၊ ဒုတိ
အခြေခံပညာ အလယ်တန်းကျောင်းမှ
ပြည်မြို့ အမှတ်(၂) အခြေခံပညာအလယ်တန်
ဆုများ ပေးအပ် ချီးမြှင့်သည်။

ပန်းချီပြိုင်ပွဲ

ထို့နောက် နိုင်ငံတော်ကာကွယ်ရေ
ဗိုလ်ချုပ်မိုးဟိန်းက (၆၁)နှစ်မြောက် တပ်မတေ
မူကြိုအဆင့် ပထမဆုရ ကျောက်တန်းမြို့န
ငြိမ်းစံ၊ ဒုတိယဆုရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြ
တတိယဆုရ လမ်းမတော်မြို့နယ် ညောင်
မူကြိုမှ မမိုးသဥ္စာနိုင်၊ ပန်းချီပြိုင်ပွဲ မူလတန်း
ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက
ဒုတိယဆုရ ကမာရွတ်မြို့နယ် ပညာရေးတ
မောင်ဝင်းခန့်နိုင်ဦးနှင့် တတိယဆုရ ရန်က
ပညာအလယ်တန်းကျောင်းမှ မောင်မြတ်သီ
(အကြီး)အဆင့်တွင် ပထမဆုရ ဒဂုံမြို့နယ်
တန်းကျောင်းမှ မဖူးငုံကျော်၊ ဒုတိယဆု
အခြေခံပညာအလယ်တန်းကျောင်းမှ မ
ပုသိမ်မြို့ အမှတ်(၂၄) အခြေခံပညာမူလတန်း
ဆုများချီးမြှင့်သည်။

ယင်းနောက် ကဗျာနှင့် အနုပညာပြိုင်
ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်
(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအ
အဆင့်တွင် ပထမဆုရ ရန်ကင်းမြို့နယ် အမှ
ကျောင်းမှ မမြတ်သီရိမောင်၊ ဒုတိယဆု
အခြေခံပညာအထက်တန်းကျောင်းမှ မော
ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထ
နိုင်လင်း၊ ပန်းချီပြိုင်ပွဲ အထက်တန်းအဆင့်
ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျော
ဒုတိယဆုရ ကျောက်တန်းမြို့နယ် အမှတ်
ကျောင်းမှ မဆုဆုဇာနှင့် တတိယဆုရ ဒဂုံ
အထက်တန်းကျောင်းမှ မောင်သီဟထင်၊ ပန်
ပထမဆုရ ဦးသပြေမြင့်သိန်း၊ ဒုတိယဆု
မောင်ရဲကျော်သာတို့အား ဆုများချီးမြှင့်သ

ပန်းပုပြိုင်ပွဲ

ဆက်လက်၍ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ က
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး
ပြိုင်ပွဲတွင် ပထမဆုရ လှည်းကူးမြို့နယ် ဒါးပိ
ဒုတိယဆုရ လှည်းကူးမြို့နယ် ဒါးပိန်ကျေး
တတိယဆုရ ကိုစိုးဝင်း(ဒါးပိန်)၊ ပန်းပုအ
ပြိုင်ပွဲတွင် ပထမဆုရ ယဉ်ကျေးမှုတက္ကသို
ဒုတိယဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ
ဆုရ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ
တည်ဆောက်ရေး ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရ
ညောင်ဦးဖိုးချိုနှင့် ဒုတိယဆုရ ရွှေအင်းသာ
ပထမဆုရ ထင်အောင်(အင်းစိန်)၊ ဒုတိ
တက္ကသိုလ်ဟန်မင်းဦး (Best Photo)တို

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာ
ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရ
ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရပြီးသူများအတန်
ခင်မောင်ဝင်း၊ ဒုတိယဆုရ ကျော်သာ(ဟိုက်

ဒုတိယဆုရ ဒေါ်နန်းတင်ရီ (အလယ်တန်းပြ၊ အထက(၇) မော်လမြိုင်)နှင့် တတိယဆုရ ဒေါ်တင်တင်ခိုင်(အလယ်တန်းပြ၊ အလက(၁၀) မိတ္ထီလာ)၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ စစ်တက္ကသိုလ်မှ ဗိုလ်လောင်း ရဲဘုန်းကျော်၊ ဒုတိယဆုရ စစ်ကိုင်းပညာရေး တက္ကသိုလ်မှ မဝင်းသူနှင့် တတိယဆုရ တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်း ချမ်းငြိမ်းသူတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

စာစီစာကုံးပြိုင်ပွဲဆု

ဆက်လက်၍ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်က (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မရွှေစင်၊ ဒုတိယဆုရ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မမေကြည်မြင့်သိန်းနှင့် တတိယဆုရ ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ မဖြိုးသဉ္ဇာခင်၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ရှမ္မေလဒေါင်ခေါင်၊ ဒုတိယဆုရ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်မှူးအောင်နှင့် တတိယဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မကေခိုင်၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းချမ်းငြိမ်းသူ၊ ဒုတိယဆုရ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ မောင်သီဟထွန်းနှင့် တတိယဆုရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်မှ မောင်စောမောင်၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူးမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကောင်းဝေဦး၊ ဒုတိယဆုရ ဒဂုံမြို့နယ်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မသိမ့်ဒါလီနှင့် တတိယဆုရ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သက်မိုး၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူးမြို့အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မဇင်သွယ်သွယ်အေး၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းမှ မဖူးပြည့်သူနှင့် တတိယဆုရ ပြည်မြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်နဒီစစ်မှူးတို့အား ဆုများ ပေးအပ် ချီးမြှင့်သည်။

ပန်းချီပြိုင်ပွဲဆု

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ မူကြိုအဆင့် ပထမဆုရ ကျောက်တန်းမြို့နယ် မြို့မ အလကမူကြိုမှ မအေးငြိမ်းစံ၊ ဒုတိယဆုရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မူကြိုမှ မောင်မင်းခန့်ဇော်နှင့် တတိယဆုရ လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေး အမျိုးသမီးအသင်း မူကြိုမှ မမိုးသဉ္ဇာနိုင်၊ ပန်းချီပြိုင်ပွဲ မူလတန်း (အငယ်)အဆင့်တွင် ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအေးချမ်းပွင့်ဖြူ၊ ဒုတိယဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်ဝင်းခန့်နိုင်ဦးနှင့် တတိယဆုရ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်မြတ်သီဟမောင်၊ ပန်းချီပြိုင်ပွဲ မူလတန်း (အကြီး)အဆင့်တွင် ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မဖူးငုံကျော်၊ ဒုတိယဆုရ ကျောက်တန်းမြို့နယ် မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ မမေထူးမြတ်မွန်နှင့် တတိယဆုရ ပုသိမ်မြို့ အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်းမှ မောင်သူရပိုင်စိုးတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ အလယ်တန်း အဆင့်တွင် ပထမဆုရ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ မမြတ်သီရိမောင်၊ ဒုတိယဆုရ တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စည်သူအောင်နှင့် တတိယဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထက်နိုင်လင်း၊ ပန်းချီပြိုင်ပွဲ အထက်တန်းအဆင့်တွင် ပထမဆုရ ကမာရွတ်မြို့နယ် ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မခိုင်မြတ်မျိုးထွန်းလင်း၊ ဒုတိယဆုရ ကျောက်တန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဆုဆုဇာနှင့် တတိယဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သီဟထင်၊ ပန်းချီပြိုင်ပွဲအလွတ်တန်းအဆင့်တွင် ပထမဆုရ ဦးသပြေမြင့်သိန်း၊ ဒုတိယဆုရ ဦးအောင်မိုးနှင့် တတိယဆုရ မောင်ရဲကျော်သာတို့အား ဆုများချီးမြှင့်သည်။

ပန်းပုပြိုင်ပွဲဆု

ဆက်လက်၍ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်က ပန်းပု(သစ်သား) ပြိုင်ပွဲတွင် ပထမဆုရ လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာမှ ကိုဇော်လတ်(ဒါးပိန်)၊ ဒုတိယဆုရ လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာမှ ဦးကိုကိုအောင်(ဒါးပိန်)နှင့် တတိယဆုရ ကိုစိုးဝင်း(ဒါးပိန်)၊ ပန်းပုအလွတ်တန်းအဆင့် (ပလာစတာ) ပြိုင်ပွဲတွင် ပထမဆုရ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မောင်ခင်မိုးထွဋ်၊ ဒုတိယဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ မောင်ခင်မောင်သန့်နှင့် တတိယဆုရ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မောင်ရဲကျော်စွာ၊ ခေတ်မီဘက်စုံ တည်ဆောက်ရေး ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရပြီးသူများအတန်းတွင် ပထမဆုရ ညောင်ဦးဖိုးချိုနှင့် ဒုတိယဆုရ ရွှေအင်းသားခင်မောင်ဝင်း၊ လူသစ်တန်းတွင် ပထမဆုရ ထင်အောင်(အင်းစိန်)၊ ဒုတိယဆုရ ကိုဦးနှင့် တတိယဆုရ တက္ကသိုလ်ဟန်မင်းဦး (Best Photo)တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရပြီးသူများအတန်းတွင် ပထမဆုရ ရွှေအင်းသားခင်မောင်ဝင်း၊ ဒုတိယဆုရ ကျော်သာ(ဟိုက်ချင်း)နှင့် တတိယဆုရ ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)၊ လူသစ်တန်းတွင် ပထမဆုရတက္ကသိုလ် ဟန်မင်းဦး (Best Photo)၊ ဒုတိယဆုရ ကိုစိန်ငွေးနှင့် တတိယဆုရ ပြည်စိုးထွန်း (ပန်းချီကော့သောင်း)၊ စစ်ချီတေးပြိုင်ပွဲတွင် ပထမဆုရ "အမျိုးကိုချစ်သော တပ်မတော်"တေးကို ရေးဖွဲ့သူ ဒီဃဦး၊ ဒုတိယဆုရ "နိုင်ငံတော်အတွက် ကြည်း၊ ရေ၊ လေ"တေးကို ရေးဖွဲ့သူ ဝင်းထွန်း(မြဝတီ)နှင့် တတိယဆုရ "ကြည်းရေလေ တို့တပ်မတော်"တေးကို ရေးဖွဲ့သူ လေးနိုင်မင်း(မြဝတီ)၊ စစ်ရေးတေးအဆင့်(၁) ပြိုင်ပွဲတွင် ပထမဆုရ "တပ်နှင့်ပြည်သူ အောင်လံထူ" တေးကိုရေးဖွဲ့သူတက္ကသိုလ်အေးကို၊ ဒုတိယဆုရ "ကြည်းရေလေ၏ ပန်းတိုင်ခရီး"တေးကို ရေးဖွဲ့သူ ထွန်းထွန်းမင်းနှင့် တတိယဆုရ "ခေတ်မီ စစ်စွမ်းရည်နှင့် မြန်မာ့တပ်မတော်"တေးကို ရေးဖွဲ့သူ မခင်မြသက်နှင်း၊ စစ်ရေးတေး အဆင့်(၂) ပြိုင်ပွဲတွင် ပထမဆုရ "စစ်မြေစခန်းသို့ ချစ်မှာ တမ်း"တေးကို ရေးဖွဲ့သူ ပွင့်သစ်ဦး(ကလေး၀)၊ ဒုတိယဆုရ "မြန်မာ့သွေး မြန်မာ့သား"တေးကို ရေးဖွဲ့သူ ယုကီနှင့် တတိယဆုရ"အမျိုးကိုချစ်သော တပ်မတော်"တေးကိုရေးဖွဲ့သူ စောလှထွန်းတို့အား ဆုများချီးမြှင့်သည်။

ကျပန်းစကားပြောပြိုင်ပွဲဆု

ယင်းနောက် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်ကျော်မောင်မောင်စိန်၊ ဒုတိယဆုရ မောင်ထက်အောင်ဟိန်းနှင့် တတိယဆုရ မောင်ကျော်ဖြိုးခိုင်၊ အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မမြတ်မွန်ချို၊ ဒုတိယဆုရ မထူးရွှေရည်အိမ်နှင့် တတိယဆုရ မောင်ထူးကိုကို၊ အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကားပြော ပြိုင်ပွဲတွင် ပထမဆုရ မပြည့်ပြည့်ကောင်း၊ ဒုတိယဆုရ မခင်ချောစုမွန်နှင့် တတိယဆုရ မမျိုးသီရိကျော် တို့အားလည်းကောင်း၊ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်-၅၀၀ တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်က (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်တွင် ပထမဆုရ မောင်ဝင်းကျော်သူ၊ ဒုတိယဆုရ မောင်အဲဗားကျော်နှင့် တတိယဆုရ မောင်တင့်ထူးနိုင်၊ အခြေခံပညာအဆင့်တွင် ပထမဆုရ မောင်ထက်ပိုင်ကျော်၊ ဒုတိယဆုရ မောင်ဆလိုင်းဆမ်စမ်မြတ်ထွန်းနှင့် တတိယဆုရ မောင်သော်ဇင်ထွဋ်ဦးတည်ချက်(၁၂)ရပ်နှင့် တပ်မတော်ဆိုင်ရာ ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ မဆုဝတီနွယ်၊ ဒုတိယဆုရ မောင်ရန်ငြိမ်းပိုင်နှင့် တတိယဆုရ မငွေသဇင်အောင်၊ အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမဆုရ မောင်ကောင်းမြတ်ထူး၊ ဒုတိယဆုရ မအေးဖြူငြိမ်းနှင့် တတိယဆုရ မောင်နိုင်အုပ်ကျော်၊ အခြေခံပညာ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမဆုရ မောင်အောင်ဖြိုးဟိန်းသွယ်၊ ဒုတိယဆုရ မောင်ကျော်ထက်နောင်နှင့် တတိယဆုရ မအိမွန်ကျော်၊ အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာ အသုံးချစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ မောင်ဟိန်းပိုင်ထူးချစ်၊ ဒုတိယဆုရ စောနေခေးမယာနှင့် တတိယဆုရ မစုမြတ်ဇော်တို့အားလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ကဗျာရှည်အဆင့်(၂) ပြိုင်ပွဲတွင် ပထမဆုရ မောင်သာမာန်က ဆုရရှိကြသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို မွန်းလွဲ ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မနီတို့ရွာနှင့်မြစ်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	မိသားစုကျန်းမာဖို့ ယင်လုံအိမ်သာဆောက်ကြစို့
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းအကြောင်း သိကောင်းစရာ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ရွှေကျင်မြို့မှ ရှောက်သီး ထွက်ကုန်လုပ်ငန်း
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ဝက်လျှာနှင့် ကြက်ဟင်းခါးသီးအချိုချက်)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	ဗီစီဒီမိတ်ဆက် (Valentine Love Songs 1)
၁၀း၀၅	ရွှေထည်ပြုလုပ်ခြင်း အနုပညာ
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	လေ့လာမှတ်သားစရာရန် ဘောလုံးအားကစားအခြေခံ
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပန်းအလှပြင်ဆင်ခြင်း သင်တန်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး (ဝင်းထွန်းနှင့် Seiji Waka Sugi)
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	ဖွံ့ဖြိုးစေရာစံပြကျေးရွာ
၁၁း၂၅	(Nat+06 ခေတ်ပေါ်ပန်းချီပြပွဲ)
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	အသည်းရောင် အသားဝါ(စီ)ပိုး တွေ့ရှိနေလျှင်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်း	**အစီအစဉ်**
၆း၃၀	EPL ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Sports(Live)
၆း၅၅	Middlesbrough-Bolton
လိုင်း	5-Sports(Live)
၇း၃၀	Charlton-Newcastle
လိုင်း	5-Cartoons(Live)
၉း၂၅	Man:Utd-Birmingham
လိုင်း	5-Sports(Live)
၁၂း၃၀	Final Score
လိုင်း	5-Sports(Live)

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ စံချိန်သစ်တင် ရောင်းချနိုင်ခဲ့

ရန်ကုန် မတ် ၂၅

၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ၂၀၀၆ ခုနှစ် မတ် ၁၅ ရက်မှ မတ် ၂၄ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ညနေ ၆ နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ မတ် ၁၈ ရက်တွင် ပုလဲအတွဲပေါင်း ၁၄၂ တွဲကိုလည်းကောင်း၊ မတ် ၁၉ ရက်တွင် ကျောက်မျက်အတွဲပေါင်း ၅၁ တွဲကိုလည်းကောင်း၊ မတ် ၂၁ ရက်မှ မတ် ၂၄ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၁၆၈၄ တွဲကို လည်းကောင်း ပြည်တွင်း ပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြရာ ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၈၇၇ တွဲကို ရောင်းချနိုင်ခဲ့သည်။

၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ၁၆ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၄၂၃ ခုမှ ရတနာကုန်သည် ၁၄၈၄ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၅၆ ခုမှ နိုင်ငံသား ရတနာကုန်သည် ၈၉၆ ဦး စုစုပေါင်းရတနာကုန်သည် ၂၃၈၀ တို့ တက်ရောက်ဝယ်ယူခဲ့ကြသည်။

ယခုနှစ်ကျင်းပသည့် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများ အရေအတွက် ပိုမိုများပြားစွာ တင်ပြရောင်းချနိုင်ခဲ့သဖြင့် လည်းကောင်း၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များမှာလည်း ခန့်မှန်းသည်ထက် နှစ်ဆကျော် ပိုမိုတက်ရောက်ဝယ်ယူခဲ့ကြသည့်အတွက်လည်းကောင်း၊ ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်း စုစုပေါင်းအတွဲ တန်ဖိုးအားဖြင့်လည်းကောင်း ပိုမိုရောင်းချနိုင်ခဲ့သဖြင့် ကျင်းပပြီးစီးခဲ့သော မြန်မာ့ကျောက်မျက်ရတနာပြပွဲများထက် စံချိန်သစ်တင် ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။

ယမန်နေ့က နောက်ဆုံးနေ့အဖြစ် ကျင်းပသော (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ပြပွဲ အစမှအဆုံးအထိ လာရောက်ကြည့်ရှု အားပေးပြီး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း စင်ကာပူမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၂၅

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း ခေါင်းဆောင်၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့် အဖွဲ့ဝင်အဖြစ် ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံတွင် မတ် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် (၄၁)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများ ကောင်စီ ညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ နံနက် ၁၁နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။ (သတင်းစဉ်)

အိန္ဒိယ(ကြည်း)တပ်မတော် လေ့လာရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့၌ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ(ကြည်း) တပ်မတော် Army Higher Command Courseမှ Brig Gen, HH Mahajam, YSM ခေါင်းဆောင်သည့် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သန်းမောင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဗိုလ်မှူးကြီးမောင်မောင်သစ်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Col, J.S Chopra နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၂၅	၈။	ဝမ်ပုံရေလှောင်တမံ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Say it in English
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅	၄။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ (Doraemon)**
၁၂း၀၀	၅။	ရခိုင်ချောင်တံတား
၁၂း၀၅	၆။	**မြန်မာဗွီဒီယိုဇာတ်လမ်း "သွေးမဲ့သား" (ခန့်စည်သူ၊ဇင်ဝိုင်း၊မေသန်းနု၊ လှအဥ္ဇလီတင့်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၂း၀၀	၇။	ပြည်တွင်း ဆီအုန်းစပ်မျိုး အောင်မြင် ထားဝယ်ဒေသတစ်ခွင်
၂း၁၅	၈။	(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၂း၂၅	၉။	အတီးပြိုင်ပွဲ
၂း၃၀	၁၀။	**"မနိုင်သောအရှုံး" (ဟက်ကက်၊ဇင်ရဲထက်၊ နိုင်သင်းကြည်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)**
၂း၄၀	၁၁။	အဆိုပြိုင်ပွဲ
၂း၄၅	၁၂။	International News.
၃း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၆ခုနှစ်)
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၄း၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅း၀၅	၆။	(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၂၀	၇။	ဆိုကြမယ်၊ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	Discovery
၆း၅၀	၁၁။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၂)**
၇း၄၅	၁၃။	**ပြည်သူ့အတွက်တပ်မတော် "သားမောင်စစ်သည်ထံမှ အမေ့ထံသို့ပေးစာ"**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**ရုပ်မြင်သံကြားဇာတ်လမ်း "သားကောင်းမိခင်" (အပိုင်း-၄) (လွင်မိုး၊ဇင်ဝိုင်း၊နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ပန်းဖြူ၊ သက်မွန်မြင့်၊ပုလဲဝင်း) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်"(အပိုင်း-၃၄)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံး ပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ**

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ **မြန်မာနိုင်ငံ၏ အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ **လက်ရှိဆောင်ရွက်နေမှု**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ **ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ**

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပျောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ **ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်**

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

အင်းစိန်မြို့နယ်၊ကျက်သရေဆောင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို မတ် ၂၂ရက်က ဘုရားကြီးအာရုံခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသအား အမှူးထား၍ ကမာရွတ်မြို့နယ် မြန်မာ့သင်္ဘောကျင်း ဝန်ထမ်းအိမ်ရာနေ မြန်မာ့သင်္ဘောကျင်း အင်ဂျင်နီယာချုပ် ဦးကျော်ညွှန့်-ဒေါ်ယုယုလှိုင်မိသားစုက မတည်အလှူငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (၆၁)

နှစ်ဖက်သော မိဘများအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် သံသုမာလမ်းနေ ဦးမျိုးဝင်း(ဂေါပကအဖွဲ့ အတွင်းရေးမှူး)-ဒေါ်အေးရီမိသားစုက ဥက္ကလာပစေတီတော်ကြီး၏ ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူသိမ်တန်ဆောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို မတ် ၁၉ရက်က ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်နှင့်အဖွဲ့ဝင်များက လက်ခံယူစဉ်။ (၆၄)

✻ ဒဂုံမြို့သစ်မှ

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ဆေးရုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ညွန့်တို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆေးရုံကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက ဆေးရုံကမ္ပည်းမော်ကွန်းကြေးပြားအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဆေးရုံအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆေးရုံခန်းမ၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ကျန်းမာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် မောင်းနှင်အားဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က **“တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”** ဟူသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်၍ ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားစေရေးအတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ မြို့နယ်အတွင်း သီးခြားဆေးရုံ အဆောက်အအုံ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မြို့နယ်နေ ပြည်သူလူထု၏ ကျန်းမာရေးကို အနီးကပ် စောင့်ရှောက်နိုင်တော့မှာဖြစ်ကြောင်း၊ ဆေးရုံ၌ တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်အောင် မိမိကိုယ်ပိုင်အရည်အချင်းနှင့် ဆေးရုံ၏ အရည်အသွေးတို့ကို မြှင့်တင်ထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ဆေးရုံတည်ဆောက်မှုနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)နှင့် (ဆိပ်ကမ်း)မြို့နယ်များအတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြင်မောင်က ဆေးရုံအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ညွန့်ထံ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆောက်လုပ်ရေးကုမ္ပဏီ ၁၄ ခုမှ ငွေကျပ် ၁၄ သိန်း၊ ဒေါက်တာကိုကိုကြီး (ဒိုင်းမွန်းစတား ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ ဦးနေဝင်းဆွေ–ဒေါ်စန္ဒာ (NWS Co., Ltd.)က ငွေကျပ် ခုနစ်သိန်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင် ၁၄ ဦးက ငွေကျပ် ၅၉၀၀၀၀၊ ဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်)၊ ဦးဖေလှိုင် (SSIဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်ငါးသိန်း တန်ဖိုးရှိသော ဆေးမျိုးစုံအပါအဝင် စေတနာရှင်အလှူရှင် ၅၄ ဦးက ငွေကျပ် ၆၂၄၀၀၀၀ နှင့် ငွေကျပ် ၁၉၃၀၀၀၀ တန်ဖိုးရှိ ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ညွန့်က ဆေးရုံသစ် တည်ဆောက်ပေးခြင်းနှင့် အလှူငွေ၊ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းကြခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်းရှိ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် လူနာဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၆)ခုတင်ဆံ့ပြည်သူ့ဆေးရုံသည် အလျား ၁၂၈ ပေ၊ အနံ ၁၀၄ ပေရှိသည့် တစ်ထပ်အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ငွေကျပ် ၁၇၄၀ ဒသမ ၁၆၄ သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း ကျင်းပသည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများ ရာနှုန်းပြည့် ကျော်လွှန်စုဆောင်းထားရှိမှု အထိမ်းအမှတ်အလံများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများထံ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက်ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စုဆောင်းစိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်မြင့်ဦး၊ ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်နှင့် ဒဂုံ(အရှေ့)စက်မှုဇုန် ဥက္ကဋ္ဌ ဦးနေဝင်းဆွေတို့အား ခြံစည်းရိုးကြက်ဆူမျိုးစေ့များ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့များ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဇနီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးပညာပေး မှတ်တမ်းဓာတ်ပုံများနှင့် မျိုးစေ့များ၊ ပျိုးကိုင်းများ၊ ပျိုးပင်များ၊ ကြက်ဆူဆီ ခြံစည်းရိုးကြက်ဆူစေ့ ကြိတ်ခွဲကိရိယာ၊ ဆီကြိတ်ကိရိယာတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပျိုးပွဲတော်အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များ အမှတ်တရစုပေါင်းစိုက်ပျိုးပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းဝင်များနှင့် ပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပျိုးပင်များအား စက်ခလုတ်နှိပ်၍ ရေပက်ဖျန်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်အနေဖြင့် ယနေ့အထိ ခြံစည်းရိုးကြက်ဆူ မျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင် ၁၁၈ ဒသမ ၈၂ ရာခိုင်နှုန်းစုဆောင်းထားရှိပြီး ပျိုးထောင်အပင် ၁၈ သိန်းကျော်နှင့် ၂၁ ဒသမ ၈၅၅ ဧက စိုက်ပျိုးထားပြီးဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအနီးရှိ ရွှေနံ့သာသစ်ခွဲခြမ်းတိုးချဲ့ဖော်ထုတ်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

● အသံထက်ငါးဆမြန်မှ

အသံထက်မြန်သည့် လေယာဉ်များတွင် အသုံးပြုနိုင်ရန် စက္ကရမ်ဂျက်အင်ဂျင် စမ်းသပ်မှုကို ပြုလုပ်ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များသည် ယခင်ဒီဇိုင်းပုံစံကို ပြန်လည်ပြင်ဆင်ကာ အသစ်ထုတ်လုပ်ထားသည့် စက္ကရမ်ဂျက်အင်ဂျင်ကို စမ်းသပ်ခြင်းဖြစ်သည်။ စက္ကရမ်ဂျက်အင်ဂျင်စက်ကို တီထွင်ဖော်ထုတ်ခဲ့သည့် ကုမ္ပဏီမှာ ဗြိတိသျှ ကာကွယ်ရေးနည်းပညာ ကုမ္ပဏီဖြစ်သော ကွင်နတီကျူ ကုမ္ပဏီဖြစ်သည်။

ဩစတြေးလျနိုင်ငံတောင်ပိုင်း ဝူမာရာဒေသတွင် စမ်းသပ်မှုပြုလုပ်ရန် စီစဉ်ခဲ့ကြသည်။

စက္ကရမ်ဂျက်သည် အသံ၏အမြန်နှုန်းထက် ငါးဆပိုမိုလျင်မြန်သော နှုန်းဖြင့် လေယာဉ်များပျံသန်းနိုင်အောင် နည်းပညာ တီထွင်ဆန်းသစ်ရာမှ ပေါ်ထွန်းလာသော အင်ဂျင်ဖြစ်သည်။

စက္ကရမ်ဂျက်အင်ဂျင်နည်းပညာ ပေါ်ထွန်းလာခြင်းဖြင့် နောင်တစ်နေ့တွင် ဗြိတိနိုင်ငံ လန်ဒန်မှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အထိဖြစ်သော လေကြောင်းခရီးစဉ်ကို နှစ်နာရီအတွင်း ပျံသန်းနိုင်မည်ဖြစ်သည်။

အင်တာနက်

ပြည်နယ်/တိုင်း အသင်းလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်တိုင်းအသင်း ဆုဖလားရရှိ

ISUZU

ရန်ကုန် မတ် ၂၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Isuzu Motors Ltd. က အဓိကကူညီပံ့ပိုးသော ၂၀၀၆ ခုနှစ် (၂၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ Isuzu Motors Ltd. ဌာနေကိုယ်စားလှယ် ဦးအေးချိုက Team Captain ပြိုင်ပွဲတွင် Nett Total (၇၂)ချက်ဖြင့် ဒုတိယရရှိသော ဦးစိန်မြင့်ထွန်း(မကွေးတိုင်း)နှင့် Nett Total (၇၂)ချက်ဖြင့် ပထမရရှိသော မင်းခန့်(ကချင်ပြည်နယ်)တို့အားလည်းကောင်း၊ Isuzu Motors Ltd. ဂျပန်မှ အထွေထွေမန်နေဂျာ Mr. Tadao Mat Su Moto က Individual Handicap ပြိုင်ပွဲတွင် Nett Total (၂၇၅)ချက်ဖြင့် တတိယရရှိသော Gun Jar (ကချင်ပြည်နယ်)၊ Nett Total (၂၇၁) ချက်ဖြင့် ဒုတိယရရှိသော စိုးရာဇာအောင်၊ Nett Total (၂၇၀)ချက်ဖြင့် ပထမရရှိသော သိန်းနိုင် (တနင်္သာရီတိုင်း)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က Individual Scratch ပြိုင်ပွဲတွင် Total Gross (၃၀၄)ချက်ဖြင့် တတိယရရှိသော ဌေးအောင်ဌေး (ရှမ်းပြည်နယ်–အရှေ့ပိုင်း)၊ Total Gross (၃၀၂)ချက်ဖြင့် ဒုတိယရရှိသော ရန်မျိုးအေး(ရန်ကုန်တိုင်း)နှင့် Total Gross (၂၉၉)ချက်ဖြင့် ပထမရရှိသော ဖြိုးကျော်ကျော်(ရန်ကုန်တိုင်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Team Handicap ပြိုင်ပွဲတွင် ဒုတိယရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် Team Scratch ပြိုင်ပွဲတွင် ဒုတိယရရှိသော မန္တလေးတိုင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Team Handicap ပြိုင်ပွဲတွင် ပထမရရှိသော တနင်္သာရီတိုင်းနှင့် Team Scratch ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းတို့အား ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Isuzu Motors Ltd. ဂျပန်အထွေထွေမန်နေဂျာ Mr. Tadao Mat Su Mo To က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀ ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ကိုယ်စား အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံပြီး မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀ ကို မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က လက်ခံသည်။

ထို့နောက် Team Scratch ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းမှ Team Captain ဦးခင်မောင်လတ်က ကျေးဇူးတင်စကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများနှင့် ဧည့်သည်များအား Isuzu Motors Ltd. က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၂၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Team Scratch ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ကိုယ်စား အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် မတ် ၂၀ရက် နံနက် ၈နာရီတွင် မန္တလေးမြို့ရှိ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ရုံး၌ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက အဖွဲ့ဝင် ဒေါ်စန်းစန်းရီ၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်း၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့တာဝန်ခံများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၂၅၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အမျိုးသမီး ရေးရာအဖွဲ့နာယကက တိုင်းအမျိုးသမီး ရေးရာအဖွဲ့လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ် ထား၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းများတွင် တတ်နိုင်သည့် ဘက်မှ ပါဝင်ပူးပေါင်း ဆောင်ရွက်သွား ကြရန်၊ အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆိုင်ရာလုပ်ငန်းများ၊ ပြုစုပျိုးထောင် ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများ၊ ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS)တားဆီး ကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်း များ၊ အမျိုးသားကျန်းမာရေးစီမံကိန်းပါ လုပ်ငန်းများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အန္တရာယ်မှ ကင်းဝေးစေရန် မူးယစ် ဆေးဝါးပပျောက်ရေးကြိုးပမ်းဆောင်ရွက် ရေး လုပ်ငန်းများ၊ သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်း များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများတွင် အခြားသော လူမှု ရေး အသင်းအဖွဲ့များနှင့် ပူးပေါင်း လက်တွဲ ဆောင်ရွက်သွားရန် ပြောကြား သည်။ ထို့အပြင် အမျိုးသမီးများ ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတိုးမြှင့် ဆောင်ရွက်သွား ရန်နှင့် လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်း များတွင် ဆက်စပ်သော ဌာနဆိုင်ရာ များ၊ စေတနာရှင်များ၊ လုပ်ငန်းရှင် များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက် သွားကြရန် အကျယ်တဝင့် ဆွေးနွေး ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည်တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားပြောကြား သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် အမျိုးသမီး များစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်းသို့ သွားရောက်ကြည့်ရှုပြီး မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော ရွှေချည်ထိုး သင်တန်း၊ ကျောင်းဝတ်စုံချုပ်လုပ်သော လုပ်ငန်းနှင့် သက်န်းချုပ်လုပ်ခြင်း လုပ်ငန်းများကိုလည်း လှည့်လည် ကြည့်ရှု၍ လုပ်ငန်းခွင်၌ ရှိသော အမျိုးသမီးများအား အားပေးစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် မန္တလေး တိုင်း အမျိုးသမီးရေးရာ အဖွဲ့နှင့် မန္တလေးတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ထားသည့် ပြည်ကြီး တံခွန်မြို့နယ် စက်မှုဇုန်ရှိ မေတ္တာရှင် ဆေးရုံသို့ သွားရောက်၍ တာဝန်ရှိသူ များနှင့်တွေ့ဆုံပြီး ဆေးရုံတက်ရောက် နေသူများအား ငွေကြေးထောက်ပံ့မှု များကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင်မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌသည် မန္တလေး တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါလျက် အမရပူရမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်အတူ ကျေးလက်ဒေသ များ၌ မိသားစုဝင်ငွေတိုးရေး လုပ်ငန်း များဆောင်ရွက်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထောက်ပံ့ ငွေကျပ် ၁၀သိန်းကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှု ဖြင့် အမရပူရမြို့နယ်၌ အကောင် အထည်ဖော် ဆောင်ရွက်နေသော ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ၁၁ဦးနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် အရင်းအနှီးရရှိ၍ လုပ်ငန်းများ အောင်မြင်မှုရရှိပုံကို ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူ အမျိုးသမီးများကိုယ်စား ငယ်တိုးကျေးရွာမှ ကိုယ်စားလှယ် တစ်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက ရက်ကန်း လုပ်ကိုင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြား သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော ကျောင်းဝတ်စုံချုပ်လုပ်သောလုပ်ငန်းနှင့် သက်န်းချုပ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုအား ပေးစဉ်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ခြင်း တားဆီးကာကွယ်ခြင်းများ စီမံဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၂၅

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာဒေသအာဏာပိုင်၏ ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်ဒေသအာဏာပိုင်များ၊ သက်ဆိုင်သည့် မွေးမြူသူများ၊ ညှိနှိုင်းပူးပေါင်း၍လည်းကောင်း၊ သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေး ကျွမ်းကျင်သူအတိုင်ပင်ခံပုဂ္ဂိုလ်များအား ဖိတ်ကြား၊ ပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍ လည်းကောင်း ရောဂါထိန်းချုပ်ခြင်း၊ ရောဂါကူးစက်ပြန့်နှံ့မှု မရှိရေး တားဆီးကာကွယ်ခြင်းများကို စီမံဆောင်ရွက်လျက် ရှိသည်။

ဖျက်ဆီး

ထိုသို့ စီမံဆောင်ရွက်ရာတွင် မတ် ၂၂ရက်အထိ ရွှေဘိုခရိုင်အတွင်း ကြက်ခြံ ၆၇ခြံ၊ ငုံးခြံနှစ်ခြံတို့၌ ကြက် ၄၂၉၈၅ကောင်၊ ငုံး ၁၉၄၁ကောင်တို့ကို ရောဂါစူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ကူးစက်ပြန့်နှံ့နိုင်မှု ဘေးအန္တရာယ် အလားအလာ ကြိုတင်ကာကွယ် တားဆီးရေး Risk Prevention ဆိုင်ရာ အရေးယူဆောင်ရွက်မှုအရ ကြက်၁၂၃၇၅ကောင်၊ငုံး ၁၇၇၀ ကောင်၊ ငုံးဥ ၅၁၅လုံးတို့ကို ဖျက်ဆီးခဲ့သည်။ မန္တလေးခရိုင်အတွင်း ကြက်ခြံ ၃၅ခြံ၊ ငုံးခြံ ၁၆ခြံ၊ ငုံးဥဖောက်စက်တစ်လုံး တို့တွင် ကြက် ၄၁၀၅၅ကောင်၊ ငုံး ၄၅၁၀၀ကောင်တို့ကို ရောဂါစူးစမ်း လေ့လာမှုများပြုလုပ်ခဲ့ပြီး ကြက် ၂၄၈၄၂ ကောင်၊ ငုံး ၃၇၂၈၈ကောင်၊ ငုံးဥ ၅၀၀၀၀ ဖျက်ဆီးခဲ့သည်။ ရွှေဘိုခရိုင် နှင့် မန္တလေးခရိုင်အတွင်း ကြက်ခြံ ၁၀၂ခြံ၊ ငုံးခြံ ၁၈ခြံ၊ ငုံးဥဖောက်စက် တစ်လုံးတွင် ကြက် ၈၄၀၄၀ကောင်၊ ငုံး ၄၇၀၄၁ကောင်တို့ကို ရောဂါစူးစမ်း လေ့လာမှုများပြုလုပ်ခဲ့ပြီး ကြက် ၃၇၂၂၀ ကောင်၊ ငုံး ၃၉၀၅၈ကောင်၊ ငုံးဥ ၅၀၅၁၅လုံးတို့ကို ဖျက်ဆီးခဲ့သည်။

မန္တလေးတိုင်း ပြည်ကြီးတံခွန် မြို့နယ်ရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် H5N1 ဟု သံသယဖြစ်ဖွယ်နမူနာများ ရရှိခဲ့ရာ ၎င်းခြံကို စနစ်တကျဖျက်သိမ်း ၍ မြေမြှုပ်ခြင်း၊ ပိုးသတ် ဆေးဖျန်းခြင်း နှင့် အခြားရောဂါကာကွယ် တားဆီးမှု ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရှိရသည်။ ဗဟိုဓာတ်ခွဲ ခန်း စစ်ဆေးချက်အရ အဆိုပါဒေသ အတွင်းရှိ ခြံအချို့တွင် သံသယဖြစ်ဖွယ် စစ်ဆေးချက်များ တွေ့ရှိခဲ့ရသော်လည်း ယခုအခါ ဖြစ်စဉ်အသစ်များ ထပ်မံ ဖြစ်ပေါ်ခြင်း မရှိကြောင်းသိရှိရသည်။ FAOနှင့် JICA တို့ကလည်း ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထောက်ပံ့ကူညီ ပေးလျက်ရှိသည်။

စုပေါင်းဆောင်ရွက်

လက်ရှိ ရွှေဘိုခရိုင်နှင့် မန္တလေး ခရိုင်အတွင်းတွင် ကြက်ဥ၊ ကြက်သား များ သယ်ဆောင် ရောင်းချခြင်းကို ထိရောက်စွာ ထိန်းချုပ်ထားပြီး ရောဂါဆက်လက်ပြန့်ပွားမှု မရှိအောင် ပူးပေါင်းအဖွဲ့အစည်းများဖြင့် စုပေါင်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကြက်သေဆုံး မှုသည် ပုံမှန်သေနှုန်းသို့ ကျဆင်း နေပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ကျန်အခြား ဒေသများတွင်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြက်ငှက်တုပ် ကွေးရောဂါ ကြိုတင်ကာကွယ်ရေးကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ အခြားမည်သည့်နေရာတွင်မှ ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားမှု မတွေ့ရှိရ သေးကြောင်း၊ လူနှင့် အခြားတိရစ္ဆာန် များသို့လည်း ကူးစက်မှုမတွေ့ရှိ ရကြောင်း တွေ့ရှိရသည်။

ပြည်တွင်းကြက်နှင့် ကြက်ထွက် ပစ္စည်းကုန်စည် စီးဆင်းမှုမှန်ကန်ရေး၊ စားသုံးမှုများ ပုံမှန်စားသုံးနိုင်ရေး နှင့်ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးတို့ အတွက် ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အချင်းချင်း ကြိုတင် ညှိနှိုင်းချက်၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် ကြက်၊ ဘဲ မွေးမြူ ရောင်းဝယ်ရေး လုပ်ငန်းရှင်များနှင့် ကြိုတင်ညှိနှိုင်းချက်တို့ဖြင့် သက်ဆိုင်ရာ ဒေသ အာဏာပိုင်များသို့ ကျိုးကြောင်း ဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူပြီး ဖြန့်ဖြူး ရောင်းချနိုင်ရေးကို စီမံ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း သည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးမြင့်ထွန်းနှင့်အတူ မတ် ၂၀ရက် မွန်းလွဲပိုင်းတွင် သာကေတမြို့နယ်စခန်း သို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မီးသတ်စခန်း တာဝန်ခံက ပျိုးပင်များ စိုက်ပျိုးထားမှု အခြေအနေနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထူးအရာရှိက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

မိုးကြိုဂုန်လျှော်/ ချဉ်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိ လည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်းရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ ၅ ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝတင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေ ဆက်သည်အထိ ပြည့်ပြည့်ဝဝတင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည် နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်းသုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချ စိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မှုားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၃–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် –ဝိပ္ပလာသ(၁၂)ပါး**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၁၅** ၄။ ကျန်းမာသုတ
- **၁၂:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၅၀** ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် –ချစ်သူတစ်ယောက်နှင့်လိမ္မော်ရည် တစ်ခွက် အပိုင်း(၂) ဇာတ်သိမ်းပိုင်း**
- **၁:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၉** ၈။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၉။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၃၅** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၅။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၇။ နိုင်ငံတကာသတင်း
- **၆:၂၀** ၈။ မိုးလေဝသသတင်း
- **၆:၂၅** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း–၉)**
- **၈:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၄။ ပဟေဠိနန်းတော်
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် "သားကောင်းမိခင်" အပိုင်း(၄)(ဇာတ်သိမ်းပိုင်း)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

သန်လျင်တပ်နယ် သကျမာရဇိန်စေတီတော် ဌာပနာတော်ပိတ်ပွဲနှင့် ပန်းလည်တိုင်စိုက်ထူပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တပ်နယ် ဟံသာဒီပကုန်းတော်ရှိ သကျမာရဇိန်စေတီတော် ဌာပနာတော်ပိတ်ပွဲနှင့် ပန်းလည်တိုင်စိုက်ထူပွဲ အခမ်းအနားကို မတ် ၂၃ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်မြင်းခြံဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိ အမှူးပြုသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများ၊ သန်လျင်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို "နမောတဿ"သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ထူးမခြားနား ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ကို သီကျူးပူဇော်ပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို သံဃာတော်များအား ဆက်ကပ်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် ဌာပနာတော်၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပခုက္ကူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရပ်ပွားဆင်တုတော် စသည်များကို စေတီတော်ပရိဝုဏ်သို့ အခမ်းအနားဖြင့်ပင့်ဆောင်ကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဦးဆောင်၍ ဘုရားဒါယကာများက မင်္ဂလာအချိန်၌ သတ္တဌာနမှုလဌာပနာတော်သွင်းခြင်း၊အလယ်ဌာပနာတော် သွင်းခြင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ သကျမာရဇိနစေတီတော် တည်ဆောက်ရေးအတွက် လှူဒါန်းငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများက လက်ခံကြပြီး သန်လျင်တပ်နယ်ရှိ မဟာနာဝါနိကဇေယမင်္ဂလာ ဗိမာန်တော်၌ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

မတ် ၂၄ရက်က ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာ သူရိယမုနိကြေးသွန်းဘုရားကြီး ဘက်စုံပြုပြင်ပြီးစီးခြင်းနှင့် မဟာရံတံတိုင်း ရေစက်ချအလှူမင်္ဂလာအခမ်းအနားကို ဘုရားရင်ပြင်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အလှူရှင်များ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို အလှူရှင်များကိုယ်စား ကျေးရွာဥက္ကဋ္ဌ ဦးဟန်စိုးသို့ ပေးအပ်စဉ်။ (၅၂၉)

သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း၌ (၂၁)ကြိမ်မြောက် ဝိပဿနာခုနစ်ရက် တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယ အတိုင်းကျောင်းတိုက်၏ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ ယောဂီဦးရေ ကန့်သတ်ထားသဖြင့် တရားစခန်း ဝင်ရောက်လိုသူများ ဧပြီ ၁၀ရက် ညနေ ၆နာရီ အရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကေသရ၏ (၇၉)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် မြသိန်းတန် စာအောင်သံဃာပူဇော်ပွဲကို မတ် ၁၉ရက်ကကျင်းပရာ သာသနဓဇဓမ္မာစရိယဘွဲ့ရ အရှင်တိက္ခဉာဏ (စာချတန်းအောင်)အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းက ဂုဏ်ပြုလက်မှတ်နှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (၂၃)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မတ် ၁၀ရက်က ကွယ်လွန်သူ ဦးဘိန်တိတ်နှင့် ဒေါ်အုန်းမြင့်တို့အားအမှူးထား၍ မော်လမြိုင်မြို့ ရွှေတောင်ရပ်နေ ဦးဝင်းတင် မိသားစုက ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

အဆင့်မြင့်တန်းရှုံးထွက်ပွဲကျင်းပ စွမ်းအင်ကဘဏ္ဍာ/အခွန်ကိုနိုင်

ရန်ကုန် မတ် ၂၅

၂၀၀၅-၂၀၀၆ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ် ရှုံးထွက်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်သွားသည်။

စွမ်းအင်အသင်း - နှစ်ဂိုး
(နိုင်ဝင်းနှင့် စိုင်းသန်းအောင်)
ဘဏ္ဍာ/အခွန်အသင်း- ဂိုးမရှိ
ဒိုင်လူကြီး - ဦးလှတင်

အဆင့်မြင့်တန်း အသင်းကြီးတစ်သင်းဖြစ်သည့် စွမ်းအင်အသင်းက လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းကို ခြေစွမ်းပြပြီးခြေအသာ၊ ဂိုးအသာဖြင့် အနိုင်ကစားကာ ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်ရောက်သွားသည်။

စွမ်းအင်အသင်းသည် ယနေ့ပွဲတွင် ဘဏ္ဍာ/အခွန်အသင်း၏ ကစားပေါက်ကစားဟန်များကို ပိတ်ဆို့၍ တစ်ဦးချင်း မလွတ်တမ်းထိန်းကပ်ထားပြီး အတက်အဆင်း မှန်မှန်ဖြင့်ကစားခဲ့သောကြောင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း မူလကစားကွက်ပျောက်ကာ အရှုံးပေါ်သွားရခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းမှာ စွမ်းအင်အသင်းကို အသင်းလိုက်ကစားကွက် မယှဉ်နိုင်၍ အရှုံးနှင့်ရင်ဆိုင်ရကာ လက်ရှိချန်ပီယံဘွဲ့ကို စွန့်လွှတ်ခဲ့ရပြီး ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရသည်။

အမာခံ ကစားသမားများဖြစ်သည့် ဒဏ်ရာရထားသည့် ရန်ပိုင်၊စိုးမြတ်မင်း၊ လွင်ဦးနှင့် ထွန်းထွန်းဝင်းတို့ မပါဝင်သော ဘဏ္ဍာ/အခွန်အသင်းမှာ အားပျော့နေခဲ့ပြီး ပွဲစကတည်းက တိုက်စစ်အား မြှင့်တင်ထားသည့် စွမ်းအင်၏ကစားပုံကြောင့် တိုက်စစ်ထက် ခံစစ်ကို ဦးစားပေးကစားခဲ့ရသည်။ စွမ်းအင်အသင်းမှာ အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားပြီး တိုက်စစ်မှူး နိုင်ဝင်းနှင့် စိုင်းသန်းအောင်တို့၏ အလိမ်အခေါက်များဖြင့် တိုက်စစ်ဆင်ရာ ဘဏ္ဍာ/အခွန် နောက်တန်း မထိန်းနိုင်ဘဲ ပေါက်ထွက်နေ၍ ငါးမိနစ်မှာပင် နိုင်ဝင်းက စွမ်းအင်အသင်းအတွက် ဖွေဆော်ဦးဂိုးကို စတင်သွင်းယူသည်။

အဖွင့်ဂိုးရသွား၍ ကစားအားတက်လာသော စွမ်းအင်အသင်းသည် ဘဏ္ဍာ/အခွန်ဘက်သို့ ဆက်လက်ဖိကစားသွားပြီး ဘယ်ညာနေရာစုံမှ ဂိုးထပ်မရရှိရေးကြိုးစားခဲ့သည်။စွမ်းအင်အသင်း၏ ကစားပုံကြောင့် ဘဏ္ဍာ/အခွန်အသင်း ချေပဂိုး ရရှိရေးထက် ဂိုးထပ်မံပေးရရေးကို အာရုံစိုက်ကစားနေသည့်ကြားမှ နောက်တစ်ဂိုး ထပ်မံပေးလိုက်ရသည်။ ၂၂မိနစ်တွင် ပြစ်ဒဏ်ဘောမှလျှံထွက်လာသော ဘောလုံးကို ရန်နောင်စိုးကဘီးကုတ်ထိပ်မှ ကန်သွင်းရာ စိုင်းသန်းအောင်က ဘောလုံးကို လမ်းကြောင်းပြောင်း ပေးလိုက်၍ အောင်အောင်ဦး မည်သို့မျှ မတတ်နိုင်ဘဲ စွမ်းအင်အသင်း ဒုတိယဂိုး ထပ်မံရရှိသွားသည်။ဘဏ္ဍာ/အခွန်အသင်း အရှုံးဂိုးချေပနိုင်ရန် ကြိုးစားသော်လည်း ကွင်းလယ် ကစားကွက် ပျောက်နေ၍ တိုက်စစ်မှာ မထိရောက်ခဲ့ဘဲ ပထမပိုင်း အပြီးကတည်းက စွမ်းအင်က နှစ်ဂိုးအသာဖြင့် အနိုင်ရနေသည်။

ဒုတိယပိုင်းတွင် စွမ်းအင်အသင်းက ဂိုးမပေးရရေးကိုသာ ဦးစားပေးကစားသွားသည်။ ဘဏ္ဍာ/အခွန်အသင်းမှာ လူစားလဲပြီး တိုက်စစ် အားမြှင့်တင်သော်လည်း ဖန်တီးပေးနိုင်မှု အားနည်းခြင်း၊ ပိတ်ဆို့ကစားနေသည့် စွမ်းအင် ခံစစ်ကြောင်းကို မထိုးဖောက်နိုင်၍ ချေပဂိုးနှင့် ဝေးနေရသည်။ ဝါရင့်တိုက်စစ်မှူး မျိုးလှိုင်ဝင်း ဦးဆောင်သည့် တိုက်စစ်ကြောင်းကို ကျော်ခိုင်ဝင်း ဦးဆောင်သည့်စွမ်းအင် ခံစစ်ကြောင်းက မလွတ်တမ်း ထိန်းကပ်ကစားခဲ့ရာ ဘဏ္ဍာ/အခွန်အသင်း ထိရောက်သည့် ဂိုးသွင်းခွင့်မရဘဲ စွမ်းအင်က နှစ်ဂိုး-ဂိုးမရှိ အနိုင်ရသွားသည်။



ဘဏ္ဍာ/အခွန်တိုက်စစ်မှူး မျိုးလှိုင်ဝင်းနှင့် စွမ်းအင် နောက်ခံလူ ကြည်အောင်တို့ အားမာန်အပြည့်ဖြင့် ခေါင်းချင်းယှဉ်တိုက်စဉ်။ (ကြေးမုံ)

ပါဝင်ကစား

စွမ်းအင်အသင်းသည် ကွာတားဖိုင်နယ်၌ စီးပွားကူးသန်း(သို့) ရထားပို့ဆောင်ရေး အနိုင်ရသော အသင်းနှင့် ဧပြီ ၄ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စွမ်းအင်အသင်းတွင် ဂိုး-ကျော်မင်းလှိုင်၊ နောက်တန်း အောင်ကျော်မိုး၊ ကြည်အောင်၊ မင်းမင်းထွန်း၊ ကျော်ခိုင်ဝင်း၊ဉာဏ်ထွန်းအောင်၊ အလယ်တန်း-ရန်နောင်စိုး၊ မျိုးဇော်ဦး၊ ဝေယံမောင်၊ ရှေ့တန်းတွင် နိုင်ဝင်းနှင့် စိုင်းသန်းအောင်တို့ ပါဝင်ကစားသွားပြီး ဘဏ္ဍာ/အခွန် အသင်းတွင် ဂိုး-အောင်အောင်ဦး၊ နောက်တန်း-အောင်ထွန်းလင်း၊ မိုးကျော်သူ၊ ထူးကျော် (ကျော်ကျော်စိုး)၊ အောင်ကျော်မြင့်၊ အလယ်တန်း-သူရအောင်၊ အောင်ကျော်မိုး၊ ခင်မောင်ထွန်း၊ ကျော်သူရ၊ အေးမင်းထွန်း၊ ရှေ့တန်းတွင် မျိုးလှိုင်ဝင်းနှင့် ဇော်ထိုက်၊ သိန်းထွန်းဝင်းတို့ ပါဝင်ကစားသွားကြသည်။

ယနေ့ပွဲ
ညနေ ၃ နာရီ ၄၅ မိနစ်
(အောင်ဆန်းကွင်း)
ရထားပို့ဆောင်ရေးနှင့်
စီးပွားကူးသန်း

(ကြေးမုံ)

ကုန်သည်/ စက်မှုအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၃၁ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းချုပ်အသင်းသားများနှင့်အသင်းချုပ်၏ အသင်းဝင် အသင်းသားများမှ ကိုယ်စားလှယ်များ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။

အစည်းအဝေးကျင်းပမည့် မတ် ၃၁ ရက်၌ အသင်းချုပ်အသင်းဝင် ကုမ္ပဏီများက ထုတ်လုပ်သည့် ပြည်ပပို့ကုန် အဆင့်ရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို UMFCCI AGM Exhibition-2006 အဖြစ် ခင်းကျင်းပြသမည်ဖြစ်၍ မည်သူမဆို လာရောက်ကြည့်ရှုဝယ်ယူနိုင်သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၅-၃-၂၀၀၆)

မင်းဘူး
၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

မကွေး
၄၁ ဒီဂရီစင်တီဂရိတ်
(၁၀၆ ဒီဂရီဖာရင်ဟိုက်)

ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

၂၀၀၆ခုနှစ် ဒုတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဖလားနှင့် (၃၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများကို မတ် ၂၉ရက်မှ ဧပြီ၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည် ဖြစ်သည်။

ဖွင့်ပွဲနေ့တွင် မြန်မာ့ဆိုင်းဝိုင်းကြီး ဖြင့်တွဲဖက်၍ ခြင်းလုံးအကျော်အမော်များက ခေတ်သရုပ်ဖော် တင်ဆက်ခတ်ပြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံဖွင့်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆေးရုံကမ္ပည်းမော်ကွန်းကြေးပြား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၅

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မင်းရဲကျော်စွာလမ်းရှိ အဆိုပါဆေးရုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ဆေးရုံကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် ဧည့်သည်တော်များက လူမှုရေးအသင်းဝင်များနှင့် ပြည်သူများ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၁)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနား ကျင်းပပုံ တိုက်ရိုက် ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၅

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တို့မှ မတ် ၂၇ ရက် နံနက် ၆ နာရီမှစ၍ အခမ်းအနားကျင်းပသည့်နေရာမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ဆောင်းပါး၊ ကဗျာ အညွှန်း

- *တပ်မတော်သည် ကြီးမားသော၊ ထူးခြားထင်ရှားသော အမျိုးသားနိုင်ငံရေး အစဉ်အလာများရှိခဲ့ပြီးဖြစ်သည်။ ယင်းအစဉ်အလာများကို တပ်မတော်သည် အသက်နှင့်အမျှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။*

ကေတုနီလာ၏ **"တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာ"** ဆောင်းပါး (စာမျက်နှာ-၆၊၇)

- တက္ကသိုလ်မြတ်သူ၏ **"လက်ချင်းယှက်၍ ညီစေပြီ"** (ကဗျာချင်း) (စာမျက်နှာ-၇)

ယနေ့မိုးလေဝသ

(၂၆-၃-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ကြေးမုံ အင်တာနက် သတင်း

အသံထက်ငါးဆမြန်အောင် ပျံသန်းနိုင်မည့် စကြာရမ်ဂျက်အင်ဂျင် စမ်းသပ်မှုပြုလုပ်မည်

သေနတ်ကျည်ဆန်တစ်ခုနှင့် ပုံသဏ္ဍာန်တူသော စကြာရမ်ဂျက်အင်ဂျင် (scramjet engine)ကို နိုင်ငံတကာသိပ္ပံပညာရှင်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့က ဩစတြေးလျ သဲကန္တာရတွင် စမ်းသပ်တော့မည်ဖြစ်ကြောင်း သုတေသနအဖွဲ့က မတ် ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

စကြာရမ်ဂျက်ဆိုသည်မှာ (Supersonic combustion ramjet) ဟူသော ဝေါဟာရကို အတိုချုံး၍ သုံးနှုန်းခြင်းဖြစ်သည်။ ramjet သည် ဂျက်အင်ဂျင်အမျိုးအစားတစ်မျိုးဖြစ်ပြီး ပြင်သစ် သိပ္ပံပညာရှင်တစ်ဦးက ယင်းအင်ဂျင်ကို တီထွင်ကာ ၎င်း၏ အင်ဂျင်စက်ကို ရမ်ဂျက်ဟူ၍ မှုပိုင်ပြုလုပ်ခဲ့သည်။ ရမ်ဂျက်ကိုအခြေခံ၍ စကြာရမ်ဂျက်အင်ဂျင်ကို နည်းပညာဆန်းသစ်ကာ တီထွင်ထုတ်လုပ်ခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●**

စကြာရမ်ဂျက်အင်ဂျင်ကို လေယာဉ်တွင် တပ်ဆင်နိုင်ရန် သိပ္ပံပညာရှင်များ လေ့လာကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)